http://www.dhammadownload.com

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၁၄)

# ကံကြမ္မာ၏ ရုပ်ပုံလွှာများ

အဂ္ဂမဟာ ပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ

http://www.dhammadownload.com

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

1B

http://www.dhammadownload.com

# မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ

## မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း(၇)ရက်။ ၉-၁၂-၂၀၁၃။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ တိလောကာရာမကျောင်းတိုက်၊ ဓမ္မဗိမာန်တော်ကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ပခုက္ကူမြို့၊ အမှတ်(၆)ရပ်ကွက်၊ ဇမ္ဗူလလမ်းနှင့် ဂန္ဓာရုံလမ်းထောင့်၊ မေတ္တာရှင် ပရဟိတလူမှုကူညီရေးအသင်း၊ ညွှန့်မေတ္တာရိပ်မြုံ ကရုဏာဆေးခန်းဖွင့်ပွဲမင်္ဂလာနှင့် စေတနာမွန်ဗဟင်း ပရဟိတအသင်းဖွင့်ပွဲမင်္ဂလာ ဆင်ယင်ရာနှင့် စပ်လျဉ်းသည့် ဓမ္မသဘင် အခမ်းအနားဝယ် ဦးနန်းမောင်+ဒေါ်ကြည်ကြည်မာ၊ ဦးဇော်မင်းလွင်+ဒေါ်နိုင်နိုင်ဝင်း၊ ထူးမြတ်တော်ဝင်ကုမ္ပဏီ ဗဟင်းမိသားစု (မုံရွာမြို့) နှင့် တရားနာယောဂီများ၏ အမတဒါန ဓမ္မဒါနအဖြစ် ဟောကြားအပ်သော **“မိဘနှင့်သားသမီးအကြားမှန်ကန်သောအမြင်များ”** အကြောင်းတရားဒေသနာတော်။

http://www.dhammadownload.com



ဒီကနေ့ည ဒီခေါင်းစီးနဲ့ တရားမေမွ ဟောပြောနာယူကြရအောင်။ **"မိဘနဲ့သားသမီးအကြား မှန်ကန်သောအမြင်များ"**လို့ဆိုတော့ မှားယွင်းတဲ့ အမြင်တွေလည်း ရှိနေတယ်ဆိုတာကို သိသာစေတယ်။ မိဘကို ပြုစုလုပ်ကျွေးရမယ် မိဘကို ရိုသေလေးစားရမယ်ဆိုတဲ့ ဒီအဆုံးအမဟာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမသာ ဖြစ်တယ်။ ဒီအဆုံးအမဟာ ကမ္ဘာမှာ အမြဲတမ်းရှိနေတဲ့ အဆုံးအမလည်းမဟုတ်ဘူး၊ ကမ္ဘာ့လူသားအားလုံး လိုက်နာနေတဲ့ အဆုံးအမလည်း မဟုတ်ဘူး။ သူတော်ကောင်းတွေက ဆုံးမဩဝါဒ ပေးတဲ့အခါမှသာလျှင် လူတွေရဲ့ အသိုင်းအဝိုင်းဟာ မိဘနဲ့သားသမီးအကြား မှန်ကန်တဲ့အမြင်များကို ရရှိကြတာဖြစ်တယ်။

မြတ်စွာဘုရားရဲ့ အဆုံးအမ တည်ရှိနေမှသာလျှင် ကမ္ဘာလောကကြီးတစ်ခုလုံးဟာ သာယာအေးချမ်းပြီး **ဗဟုဇနဟိတ** - အများကောင်းစားဖို့အတွက်၊ **ဗဟုဇနသုခ**- အများချမ်းသာဖို့အတွက်ဆိုတာ ဖြစ်လာ

http://www.dhammadownload.com



နိုင်တယ်။ မြတ်စွာဘုရားအဆုံးအမ ကွယ်ပျောက်သွားတာနဲ့ မှန်ကန်သောအမြင်တွေ ကွယ်ပျောက်သွားတာနဲ့ တစ်ပြိုင်နက် လူသားတို့ရဲ့လူ့လောကကြီးဟာ ကျဆင်းသွားပြီး နောက်ဆုံးမှာ တိရစ္ဆာန်လောကအဆင့် ရောက်သွားနိုင်တယ်ဆိုတာ သတိထားကြဖို့ပေါ့နော်။

သာမန်အားဖြင့်တော့ ဗုဒ္ဓဘာသာဝင်သူတော်စင်တွေ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက **မာတာပိတု ဥပဋ္ဌာနံ**- မိဘဆိုတာ ပြုစုလုပ်ကျွေးတာ မင်္ဂလာဆိုတာ သိကြတယ်။ ငယ်ငယ်ကတည်းက ဒီအမြင်ဟာ ဝင်လာတာ၊ အဲဒီတော့ မြန်မာလူမျိုးတွေမှာသာ ဒီအမြင်ရှိတာ၊ ကမ္ဘာမှာရှိတဲ့လူဦးရေ သန်းပေါင်း ၇၀၀၀ ကျော်သော လူတွေကြားထဲမှာ ဒီအမြင်မရှိတဲ့လူတွေက အများကြီးပဲ။ အဲဒီတော့ လွယ်လွယ်နဲ့ ဒီအမြင်ရတယ်လို့ မအောက်မေ့လေနဲ့။ မမှန်ကန်တဲ့ အမြင်တွေဆိုတာ လောကမှာရှိနေတယ်။ ပြောရမယ်ဆိုရင် မြတ်စွာဘုရား ပွင့်တဲ့အချိန်တုန်းက ခေတ်ပြိုင်

http://www.dhammadownload.com



ဘုရားနဲ့ ပြိုင်တူပေါ်လာတဲ့ အဇိတကေသကမ္ဗလဆိုတဲ့ ဆရာကြီးရှိတယ်။ အဇိတဆိုတဲ့ နာမည်နဲ့ နတ္ထိကဝါဒ ကို ဟောပြောနေတဲ့ ဆရာကြီး။ ခုခေတ်လိုဆိုရင်တော့ materialism ရုပ်ဝါဒီလို့ ပြောရမှာပေါ့။ ရုပ်ဝါဒကို ဆွဲကိုင်ထားတဲ့ အဇိတ၊ သူ့ရဲ့ဝါဒမှာ ငြင်းပယ်မှု(၁၀) မျိုး ကို အဓိကထားပြီး ပြောတာ။ အဲဒီမှာ ဘာပါတုန်း ဆိုတော့ **နတ္ထိမာတာ**၊ **နတ္ထိပိတာ**၊ ဒီစကားလုံးကို အဓိပ္ပာယ် တိုက်ရိုက်ပြန်လို့ရှိရင် **နတ္ထိမာတာ**- အမေ ဆိုတာ မရှိဘူး၊ **နတ္ထိပိတာ**- အဖေဆိုတာ မရှိဘူး၊ သူ့အမြင်ကနော်။ လောကမှာ အမေ၊ အဖေမရှိဘူးလို့ ပြောခြင်းဟာ အမေကို အသိအမှတ်မပြုခြင်းနဲ့ အဖေကို အသိအမှတ် မပြုခြင်းပဲဖြစ်တယ်။ ဒီဝါဒဟာ အလွန် ကြမ်းတမ်း ရက်စက်ပြီးတော့ လူ့လောကကြီးကို တိရစ္ဆာန်အသွင် ရောက်ရှိသွားအောင် တွန်းပို့တဲ့ ဝါဒကြီးတစ်ခုသာ ဖြစ်တယ်။ အင်မတန်ကြောက်စရာ ကောင်းတဲ့ဝါဒကြီး။

http://www.dhammadownload.com



မြတ်ဗုဒ္ဓရဲ့ အယူအဆက အတ္ထိ မာတာ၊ အတ္ထိ ပိတာ၊ အမေ၊ အဖေဆိုတာရှိတယ်၊ အမေကို အသိအမှတ်ပြုတယ်၊ အဖေကို အသိအမှတ်ပြုတယ်၊ ဒီလိုရှိတာကိုး။ အမေ၊ အဖေကို အသိအမှတ်ပြုခြင်းအားဖြင့် မိဘရဲ့ ကျေးဇူးတရားရှိတယ်ဆိုတာ အသိအမှတ်ပြုပြီး ဖြစ်သွားတယ်။ ဒါကြောင့်မို့ ဗုဒ္ဓရဲ့အဆုံးအမကျတော့ "မာတာပိတု ဥပဋ္ဌာနံ ပဏ္ဍိတ ပညတ္တံ၊ သပ္ပုရိသ ပညတ္တံ" လို့ သုတ္တသုတ္တန်မှာ ဒီလိုဟောထားတာ ရှိသေးတယ်။ "မာတာပိတုဥပဋ္ဌာနံ-မိဘကို ပြုစုလုပ်ကျွေးခြင်းသည်၊ ပဏ္ဍိတ ပညတ္တံ-ပညာရှိတွေ အသိအမှတ်ပြုသော အရာဖြစ်တယ်၊ သပ္ပုရိသ ပညတ္တံ-လူတော်လူကောင်းတွေ အသိအမှတ်ပြုတဲ့အရာသာ ဖြစ်တယ်"။

ဒီစကားကို ကြည့်မယ်ဆိုလို့ရှိရင် ပညာရှိတဲ့ ပုဂ္ဂိုလ်ကသာ မိဘကို ပြုစုလုပ်ကျွေးတယ်ဆိုတဲ့ အယူအဆကို ယူဆတာဖြစ်တယ်။ သူတော်ကောင်းကသာလျှင် မိဘကို ပြုစုတယ်ဆိုတဲ့ အယူအဆကို ယူဆတာ ဖြစ်တယ်။

http://www.dhammadownload.com



အဲဒီတော့ ကမ္ဘာလောကမှာရှိတဲ့ လူတိုင်းဟာ မိဘရဲ့ ကျေးဇူးတရားမပြောနဲ့၊ မိဘကိုတောင် အသိအမှတ် မပြုဘူးလို့ဆိုတာ အင်မတန်မှ ထင်ရှားတယ်။ ဒီကနေ့ ဗုဒ္ဓဘာသာထွန်းကားတဲ့ မြန်မာနိုင်ငံမှာပင်လျှင် မိဘကို စော်ကားမော်ကား ပြောတာတို့၊ မိဘကို သတ်ဖြတ်ကျူးလွန်ပြီးတော့ မာတုဃာတကကံ၊ ပိတုဃာတကကံ ကျူးလွန်တာတွေဆိုတာ တော်တော်လေး တွေ့လာရတယ်။ ဒါဟာ မိဘအပေါ် လေးစားမှု၊ ကျေးဇူးတရား သိတတ်မှု လျော့နည်းလာတဲ့ အဓိပ္ပာယ်ကို ဖော်ပြတယ်။ ဒီလို လျော့နည်းလာခြင်းဟာ ကောင်းတဲ့အသွင်လက္ခဏာ မဟုတ်ဘူး၊ ဆိုးဝါးတဲ့ အသွင်လက္ခဏာတစ်ခု ဖြစ်တယ်။ ဒါကိုသတိထားပြီးတော့ သူတော်ကောင်းတရား ထွန်းကားနေအောင် ကြိုးစားကြရမယ်။

မိဘဆိုတာ ရှိတယ်၊ မိဘရဲ့ ကျေးဇူးတရားဆိုတာ ရှိတယ်၊ မိဘကိုပြုစုရင် ကောင်းကျိုးချမ်းသာတွေ

http://www.dhammadownload.com



ရတယ်၊ မိဘကို စော်ကားရင် မကောင်းတဲ့အကျိုးတွေ ရတယ်ဆိုတဲ့ ဒီအတွေးအခေါ် အမြင်တွေ လူငယ်လူရွယ်တွေရဲ့ ကြားမှာ စွဲစွဲမြဲမြဲကြီးရှိနေဖို့ လူ့ယဉ်ကျေးတွေရဲ့ ကြားမှာ စွဲစွဲမြဲမြဲရှိနေဖို့ ဝိုင်းဝန်းပြီး ဆောင်ရွက်ကြရမှာ ဖြစ်တယ်။

ဘာဖြစ်လို့တုန်းဆိုတော့ ဒါဟာ ဘုရားရဲ့ အဆုံးအမ သုဂတဝိနယ လို့ခေါ်တယ်။ မြတ်စွာဘုရားရဲ့ အဆုံးအမဆိုတာ တစ်လုံးပဲဖြစ်ဖြစ်၊ နှစ်လုံးပဲဖြစ်ဖြစ် အများအကျိုးအတွက် ဖြစ်တယ်၊ ကုသိုလ်ကောင်းမှုရဖို့ အတွက်ဖြစ်တယ် ကောင်းကျိုးချမ်းသာတွေရဖို့အတွက် ဖြစ်တယ်။ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် ကောင်းတာလုပ်မှ ကောင်းကျိုးရနိုင်တယ်၊ အခြေအနေကောင်းမှ သုခ ဆိုတာလည်း လာတယ်။ ဟိတ နဲ့ သုခဟာ တွဲလာတာ ဖြစ်တယ်။ မကောင်းတဲ့အတွေးအခေါ်တွေကို အဟိတ လို့ခေါ်တယ်။ အဟိတတွေ လက်ခံလာပြီ ဆိုလို့ရှိရင် တော့ ဒုက္ခနဲ့တွေ့မှာပဲ။ ဟိတ ဆိုတဲ့ ကောင်းကျိုး

http://www.dhammadownload.com



ချမ်းသာတွေ ရရှိနိုင်တဲ့ အခြေအနေကောင်းတွေကို လက်ခံထားမှ သုခလို့ဆိုတဲ့ ချမ်းသာကိုရမှာဖြစ်တယ်။

ဒါကြောင့်မို့ ဟိတ နဲ့ သုခ ဆိုတဲ့ ဒီစကားလုံး နှစ်လုံးကို တွဲဖက်ပြီးသုံးထားတာ။ ဟိတ ဆိုတာ အခြေအနေကောင်းတာကိုခေါ်တာ၊ သုခဆိုတာ ကောင်းကျိုးချမ်းသာကိုပြောတာ။ ဆိုပါစို့- ပခုက္ကူမြို့ ကြည့်၊ တံတားကြီး ဆောက်လိုက်တဲ့အခါကျတော့ သွားရေးလာရေး အခြေအနေတွေ ကောင်းမသွားဘူးလား၊ ကောင်းသွားတယ်။ အဲဒီ အခြေအနေကောင်းကို အကြောင်းပြုပြီးတော့ သွားရေးလာရေး လွယ်ကူ၊ အရောင်းအဝယ်တွေ တိုးတက်ဖွံ့ဖြိုးလာတယ်။ ဒါက ဖွံ့ဖြိုးတိုးတက်လာသည့် အတွက်ကြောင့် သုခ- စီးပွားဥစ္စာတွေ တိုးတက်ပြီး ချမ်းသာ ကြွယ်ဝလာတယ်။ ဒါကိုဆိုလိုတာ။

ဟိတ နဲ့ သုခ ဆိုတာ တွဲဖက်ထားတာ။ အခြေအနေကောင်းမှ သုခဆိုတာရတာ။ ဘယ်နေရာပဲဖြစ်ဖြစ်

http://www.dhammadownload.com



အခြေအနေ မကောင်းရင် သုခဆိုတာ မရနိုင်ဘူး။ အခြေအနေကောင်းဆိုတာ စီးပွားရေး အခြေအနေ ကောင်းရှိတယ်၊ ပညာရေး အခြေအနေကောင်းရှိတယ်၊ လူမှုရေး အခြေအနေကောင်း ရှိတယ်။ အဲဒီလိုပဲ ကျန်းမာရေး အခြေအနေကောင်းရှိတယ်၊ ဆေးရုံကြီး တွေ၊ ဆေးခန်းကြီးတွေရှိရင် ကျန်းမာရေး အခြေအနေ ကောင်းလို့ ပြောရမှာပဲ။ အရောင်းအဝယ်တွေ ဖွံ့ဖြိုး တိုးတက်လို့ ဒီမှာရောင်းရေးဝယ်တာတွေကောင်းတယ်၊ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းတယ်ဆိုရင် စီးပွားရေး အခြေအနေကောင်းလို့ ပြောရမှာ။ တက္ကသိုလ်ကြီးတွေ ဖွင့်ထားတယ်၊ ကျောင်းကြီးတွေ ဖွင့်ထားတယ်၊ ဒါက ပညာရေး အခြေအနေကောင်းလို့ ခေါ်တယ်။ အဲဒီလို အခြေအနေကောင်းတွေ မရှိဘဲနဲ့ သုခဆိုတဲ့ချမ်းသာဟာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။

အဲဒါလိုပဲ မိဘနဲ့သားသမီးအကြားမှာ မိဘဆိုတာ ရှိတယ်၊ အမေ အဖေ ဆိုတာရှိတယ်၊ အမေ အဖေ

http://www.dhammadownload.com



အပေါ်မှာ ပြုစုလုပ်ကျွေးရင် ကောင်းကျိုးချမ်းသာ ရတယ်၊ အမေ အဖေကို စော်ကားရင် အပြစ်ရှိတယ် ဆိုတဲ့ဒီအမြင်ဟာ ဟိတလို့ခေါ်တဲ့ အခြေအနေကောင်း။ အဲဒီအမြင်ရှိနေသမျှ ကာလပတ်လုံး လူ့လောကကြီး ဟာ သာယာချမ်းမြေ့ဖွယ် ဖြစ်လာတဲ့ သုခ ဆိုတာကို ရမှာပဲ။

အကယ်၍ ဒီအဆုံးအမ အယူအဆ ဒီအမြင် ပျောက်ကွယ်သွားပြီ ဆိုလို့ရှိရင် လူ့လောကကြီးဟာ ဟိတ ဆိုတာ ပျောက်ကွယ်သွားသည့် အတွက်ကြောင့် သုခ လည်းပဲ ပျောက်ကွယ်သွားမှာပဲလို့ ဒီလို ပြောတာ နော်။ အကြောင်းအကျိုးဆိုတာ ဆက်ပြီးတော့ နေတာ။ ဒါကြောင့်မို့လို့ သာမန်လို့ မအောက်မေ့နဲ့။ မင်္ဂလသုတ် ထဲမှာ ပါနေတာပဲ၊ မာတာပိတု ဥပဋ္ဌာနံ- ဒါ မင်္ဂလာ တစ်ပါး၊ မင်္ဂလာတစ်ပါးအဖြစ် သိကြတယ်။ တကယ့် ကို မင်္ဂလာပဲ။ တကယ်လို့ ပျောက်ကွယ်သွားပြီ ဆိုလို့ ရှိရင် သွားရော။ ပြဿနာတွေအများကြီး တက်လာ

http://www.dhammadownload.com



လိမ့်မယ်။ လူ့လောကကြီးရဲ့ အခြေအနေတစ်ခုဟာ အများကြီး ဆုတ်ယုတ်သွားနိုင်တယ် ဆိုတာကို စဉ်းစားကြည့်။

ဒါကြောင့်မို့ **အတ္ထိမာတာ၊ အတ္ထိပိတာ-** မိဘဆိုတာ ရှိတယ်ဆိုတဲ့ အယူအဆဟာ ဗုဒ္ဓမြတ်စွာလို ပညာရှိပုဂ္ဂိုလ်တွေ၊ သူတော်ကောင်း ပုဂ္ဂိုလ်တွေက ဟောပြောထားလို့ ဒီအမြင်ရရှိနေတယ်လို့ ဒီလိုမှတ်ရမယ်။ အဲဒီအမြင်ရှိနေမှ ကောင်းကျိုးချမ်းသာတွေ ရမယ်။ အဲဒီအမြင် မပျောက်ကွယ်အောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်။ "**သုဂတော ဝါ ဘိက္ခဝေ သုဂတဝိနယော ဝါ တိဋ္ဌမာနော ဗဟုဇနဟိတာယ ဗဟုဇနသုခါယ**" လို့ မြတ်စွာဘုရားက သုဂတဝိနယသုတ္တန်မှာ ဟောထားတယ်။ "မြတ်စွာဘုရားဖြစ်စေ၊ မြတ်စွာဘုရားရဲ့ အဆုံးအမဖြစ်စေ လောကမှာ ရှိနေသမျှ ကာလပတ်လုံး အများသတ္တဝါတွေ ချမ်းသာဖို့ ဖြစ်တယ်"လို့ ဒီလိုဆိုတာ။

http://www.dhammadownload.com



ကောင်းပြီ၊ ‘မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ’ လို့ မြတ်စွာဘုရားရဲ့ အမြင်ကို ရှေးဦးစွာ ပြောကြရအောင်။ ဗုဒ္ဓမြတ်စွာက ဗြဟ္မာကြီးကို ကိုးကွယ်တဲ့ လူ့အသိုင်းအဝိုင်း အိန္ဒိယနိုင်ငံမှာ Brahmanism ဆိုတာ ဗြဟ္မာကိုးကွယ်တဲ့ ဝါဒပဲ။ ဒါနာမည်သာလွဲတာ ကောင်းကင်ဘုံက God ပဲ။ ထာဝရဘုရားကို ကိုးကွယ်တယ်ဆိုတာ ဗြဟ္မာကိုးကွယ်တာပဲ။ ဗုဒ္ဓဘာသာကလွဲရင် ကျန်တဲ့ဘာသာတွေ အားလုံးဟာ God ဆိုတဲ့ တန်ခိုးရှင်ကို ကိုးကွယ်ကြတာချည်းပဲ။ ပြောမယ်ဆိုရင် နတ်ကိုးကွယ်တဲ့ ဘာသာတွေချည်းပဲ။ ဗုဒ္ဓဘာသာကသာ နတ်ကိုးကွယ်တာ မဟုတ်တာ၊ နတ်ကိုးကွယ်တဲ့ ဘာသာတွေက ဘာဖြစ်လဲ၊ နတ်ရဲ့ မ,စမှုအမြဲတမ်း မျှော်လင့်နေကြတယ်၊ နတ်ကို ကျေးဇူးတင်တယ်၊ နတ်ကလွဲရင် တခြားကျေးဇူးတင်စရာ မရှိဘူး၊ ထမင်းကျွေးတာတောင် ဘုရားသခင်က ကျွေးတာလို့ ပြောတာနော်။ အဲဒီတော့ အမေ အဖေ ဘေးရောက်

http://www.dhammadownload.com



မသွားဘူးလား။ အမေ အဖေက ပြောမှာ "ငါချက်ကျွေး နေတာ စားပြီးတော့ ဘုရားသခင်က ကျွေးတယ်ဆိုရင် တော့ ငါစော်ကားရာရောက်တယ်"လို့ ဒီလိုတောင် ပြောရတော့မလို ဖြစ်နေတယ်။ တကယ့်လက်တွေ့ ကျွေးနေတာက အဖေ အမေက ကျွေးတာ။ အဲဒီတော့ ကျေးဇူးတင်မှုတွေက တလွဲရောက်သွားတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို ယုံကြည်တယ်ဆိုတာဟာ အဲဒီပုံစံမျိုး မဟုတ်ဘူး၊ 'သဒ္ဒဟတိ **တထာဂတဿ ဗောဓိံ**' မြတ်စွာဘုရားရဲ့ အသိဉာဏ်ကို ယုံကြည်တာ၊ တန်ခိုးကို ယုံကြည်တာ မဟုတ်ဘူး။ အသိဉာဏ်ကို ယုံကြည်သည့် အတွက်ကြောင့် အသိဉာဏ်ဖြင့် ဆုံးမချမှတ်ထားတဲ့ ဆုံးမစကား၊ ဟောပြောထားတဲ့ တရားဟာ အလွဲအမှား မရှိဘူး၊ လိုက်နာကျင့်သုံးလို့ရှိရင် ကောင်းကျိုးချမ်းသာတွေ ရမယ်။ ဒါကြောင့်မို့ လိုက်နာဖို့ပဲလိုတယ်။ လိုက်နာ ရမယ်ဆိုတာ လူတိုင်းလူတိုင်းဟာ ကိုယ့်အားကိုယ်ကိုး

http://www.dhammadownload.com



တဲ့စိတ်၊ အကယ်၍ မလိုက်နာဘူးဆိုရင် "ငါကိုက မိုက်တာ၊ ငါဘုရားစကား နားမထောင်ဘူး"၊ ဒီလို အပြစ်တင်စရာရှိတယ်။

ဒါကြောင့် မြတ်စွာဘုရားက ဗြဟ္မာကိုးကွယ်တဲ့ အသိုင်းအဝိုင်းမှာ မိဘနှစ်ပါးကို ဘာပြောလဲဆိုရင် မိဘကို တလေးတစား အိမ်ဦးမှာထားပြီး ပြုစုစောင့်ရှောက်ကြတဲ့ သားသမီးတွေဟာ "ဗြဟ္မာနဲ့ အတူနေတဲ့ သားသမီး"လို့ ဒီလိုကင်ပွန်းတပ်ပေးတာ။ မိဘကို လေးစားလို့ရှိရင် ဒါဟာ ဗြဟ္မာကိုလေးစားတယ်ဆိုတဲ့ အဓိပ္ပာယ်။ ခုနကဟာနဲ့ ကွာသွားတယ်နော်။

ခုနက မိဘလုပ်ကျွေးတဲ့ ကျေးဇူးကို အသာဖယ်ထားပြီး ဘုရားသခင်က ကျွေးတယ်လို့တွေးတာ။ အခုဟာက မိဘဟာ ဘုရားသခင်ပဲလို့ ပြောတဲ့အဓိပ္ပာယ် ရောက်တယ်။ မြတ်စွာဘုရားက လက်တွေ့ကျတာကိုပဲ လက်ခံပြီးတော့ ဟောပြောတယ်။ သဘာဝကျတဲ့ တရားကို မှတ်သားကြရတယ်။ လောကလူတွေက

http://www.dhammadownload.com



လက်တွေ့ကို ကျော်ပြီးတော့ စိတ်ကူးယဉ်တဲ့ဘက် ရောက်သွားတတ်တယ်။ လက်တွေ့ကို ကျော်ပြီး စိတ်ကူးယဉ်ဘက် ရောက်သွားရင် လမ်းလွဲသွားနိုင်တယ်။

နောက်တစ်ခုကတော့ "မိဘကို ပုဗ္ဗာစရိယ" တဲ့။ "လက်ဦးဆရာ"လို့ မြတ်စွာဘုရားက ဒီလိုနာမည်ပေးတယ်။ သားသမီးတွေ ထွန်းကားလာတဲ့အခါ မိဘတွေက ငယ်ငယ်လေးကတည်းက သွန်သင်ဆုံးမကြရတယ်။ အခုကြည့်လေ- ဗုဒ္ဓဘာသာ မိဘတွေဆိုရင် ဘုရားရှေ့ ကလေးကို လက်အုပ်ချီခိုင်းတယ်၊ ဘုရားရှိခိုးခိုင်းတယ်၊ သံဃာတွေနဲ့တွေ့ရင် လက်အုပ်ချီခိုင်းတယ်၊ ရှိခိုးခိုင်းတယ်။ ဒါလေးတွေက သင်ပေးနေတာ။ 'ဣတိပိသော' သင်ပေးတယ်၊ 'သမ္ဗုဒ္ဓေ' သင်ပေးတယ်၊ သင်ပေးနေတာပဲ။ 'နမောတဿ' သင်ပေးတယ်။ အဲဒီလို ကျောင်းမနေခင်ကတည်းက မိဘတွေက သားသမီးကို သင်ပေးလာကြတာ။ ဒါကြောင့်မို့

http://www.dhammadownload.com



**'လက်ဦးဆရာ၊ မည်ထိုက်စွာ၊ မာတာပိတ မိနှင့်ဖ'** ဆိုတာ မြတ်စွာဘုရား စကားဖြစ်တဲ့ ပုဗ္ဗာစရိယကို သရုပ်ဖော်ထားတဲ့စကားမျှသာဖြစ်တယ်၊ ဒါဟာ ဘုရားရဲ့ အဆုံးအမတစ်ခုပဲ။

ဒါကြောင့်မို့ မြတ်စွာဘုရားက မိဘဟာ **'ဗဟုပကာရာ ဘိက္ခဝေ မာတာပိတရော ပုတ္တာနံ'** သားသမီးတွေအပေါ်မှာ မိဘကျေးဇူးကြီးတယ်၊ ကျေးဇူးများတယ်။ ဘာဖြစ်လို့ ကျေးဇူးများသလဲ၊ မိဘရဲ့ကျေးဇူးကို ပြောပြစမ်းပါ ဆိုတဲ့အခါမှာ တစ်ကမ္ဘာလုံးမှာရှိတဲ့ အခြေအနေတစ်ရပ်ကို ခြုံငုံပြီးတော့ ပြောမယ်ဆိုရင် မြတ်စွာဘုရားက စကားသုံးလုံးနဲ့ပဲ ပြောခဲ့တယ်။ တစ်ယောက်စီ ပြောခိုင်းမယ်ဆိုရင်တော့ အမျိုးမျိုး ပြောမှာပေါ့။ မိဘရဲ့ ကျေးဇူးတရားဆိုတာ ပြောပြပါ ဆိုရင် မိဘဟာ သားသမီးတွေကို **'အာပါဒကာ'** ဘေးရန်မကျရောက်အောင် စောင့်ရှောက်ခဲ့တယ်၊ ဒါက တစ်ခု။ **'ပေါသကာ'** ကျွေးမွေးခဲ့တယ်၊ နို့တိုက်တာက

http://www.dhammadownload.com



စပြီးတော့ သားသမီးကို ကျွေးခဲ့တယ်၊ မစားတတ်တဲ့ အရွယ်က စပြီးတော့ ကျွေးတာ။ နောက်တစ်ခုက ဘာတုန်းဆို 'ဣမဿ လောကဿ ဒဿေတာရော' ဒီလောကကြီးကိုပြတယ်။ ဒီလောကကြီးကို လာခွင့်ပေးတယ်။

အဲဒီ ကျေးဇူးတရားတွေကို သေချာအလေးအနက် စဉ်းစားကြည့်။ ဒါ ပုံမှန်အားဖြင့် မိဘတွေက သားသမီးတွေအပေါ်မှာ တင်ရှိတဲ့ ကျေးဇူးသုံးမျိုးလို့ ဒီလိုပြောရမယ်။ "စောင့်ရှောက်ခဲ့တယ်၊" ငယ်စဉ်တောင်ကျေးကလေးဘဝ ပက်လက်လေးပဲ အိပ်တတ်သေးတာ၊ အဲဒီအချိန်မှာ မိဘက မစောင့်ရှောက်ဘူးဆိုရင် ဒီကလေးအသက်ရှင်ဖို့ မလွယ်ဘူး။

မစားတတ်သေးဘူး ဆိုတဲ့အချိန်မှာ "နို့တိုက်ပြီးတော့ ကျွေးခဲ့တယ်"၊ မကျွေးဘူးဆိုရင် ဒီကလေးဟာ အသက်ရှင်ဖို့ မရှိဘူး။

http://www.dhammadownload.com



နောက်တစ်ခု မိဘတွေက ဒီလောကကြီးကို မပြဘူးဆိုရင် ဒီကလေးဟာ လူ့ဘဝကိုရောက်ဖို့ ဆိုတာ မဖြစ်နိုင်ဘူး၊ ဒါ ဘုန်းကြီးတို့တတွေ မိဘမပါဘဲနဲ့ လောကကြီးမှာ မွေးဖွားလာတာလို့ ရှိမှမရှိတာ။ အဖေ အမေရဲ့ ကျေးဇူးတရားနဲ့ပဲ အသက်ရှင်ပြီး ကြီးထွားလာ ကြရတာလေ။ အဲဒီတော့ ဒီကိစ္စတွေကို ကြည့်မယ် ဆိုလို့ရှိရင် ဒီကျေးဇူးတရားတွေကို သားသမီးက မိဘ အပေါ်မှာ တင်ရှိနေတယ်လို့ ဒီလိုပြောတာ။

အဲဒါကြောင့်မို့ 'မာတာပိတု ဥပဋ္ဌာနံ' မိဘကို တုန့်ပြန်ပြီးတော့ ကျေးဇူးပြုထိုက်တယ်၊ ပြုစုလုပ်ကျွေး သင့်တယ်။ လောကကြီးဟာ လူရယ်လို့ ဖြစ်လာတာ တစ်ဦးတည်း ဖြစ်လာတာ၊ တချို့ကပြောလိမ့်ဦးမယ်၊ အမွှာပူးကျတော့ ဘယ်လိုလုပ်မလဲ၊ ဒါလည်း တစ်ယောက်နဲ့တစ်ယောက် သိတာမှ မဟုတ်တာ။ မတော်တဆ တွဲမိကြတာသာ ရှိတာ။ လာတုန်းက ကိုယ်တစ်ယောက်တည်း လာတယ်၊ အကုန်လုံး

http://www.dhammadownload.com



လောကကြီးထဲ ဝင်လာတယ်၊ ဝင်လာပြီးတဲ့အခါမှာ ဘယ်သူနဲ့ အရင်တွေ့ရတုန်းဆိုတော့ အဖေအမေနဲ့ပဲ အရင်တွေ့ရတာပဲ။

ပုံမှန်အနေအထားအားဖြင့် ပြောမယ်ဆိုရင် မိဘဘက်ကချည်းပဲ အသာစီးလို့ မြတ်စွာဘုရားက ဟောတာလား ဆိုတဲ့အခါမှာ ရှင်းလင်းနားလည်ဖို့တော့ လိုအပ်တယ်။ တချို့သားသမီးတွေက ပြောမယ်၊ မိဘကပဲ ကျေးဇူးရှိတာလား၊ သားသမီးကရော မိဘအပေါ် ကျေးဇူးမရှိဘူးလားလို့ ဒီလိုလည်း ပြောကောင်း ပြောလာလိမ့်မယ်။

ကနေ့ခေတ်ကြီးကို နည်းနည်း စစ်ဆေးကြည့်။ ဒါက ပုံမှန်အနေအထားတစ်ခုအနေနဲ့ ပြောတာ၊ ကနေ့ခေတ်ကြီးမှာ 'အာပါဒကာ ပေါသကာ' ကျွေးမွေး စောင့်ရှောက်တာတို့ 'ဏ္ဍမဿ လောကဿ ဒဿေတာရော' လို့ဆိုတဲ့ မိဘရဲ့ ကျေးဇူးတရားတွေကို မိဘတိုင်းက လုပ်ဆောင်ခဲ့သလား ဆိုတာကို စဉ်းစားရမယ်။ ကနေ့

http://www.dhammadownload.com



ခေတ်မှာဆိုရင် တချို့မိဘတွေက သားသမီးကို လူ့လောက လာခွင့်မပြုတာ မရှိဘူးလား၊ (ရှိပါတယ်။) လာချင်တိုင်း လာလို့မရဘူး၊ ရောက်လာရင်တောင် ချုံ့ကြားပစ်တာ ရှိသေးတယ်။ အဲဒါမျိုးကျတော့ ဘယ်သူကစပြီး ဝတ္တရားပျက်ကွက်သလဲဆို မိဘကစပြီး ဝတ္တရားပျက်ကွက်တာလဲ ရှိတယ်။ ဒီလိုရှိလာတယ်။ 'အာပါဒကာ ပေါသကာ' ကျွေးမွေးစောင့်ရှောက်ရမှာကို မိဘက မစောင့်ရှောက်ခဲ့ဘူး၊ လမ်းဘေးပစ်ခဲ့တယ်၊ ဆေးရုံတွေမှာဆိုရင် တော်တော်များများ ကြားနေရတယ်၊ ပစ်ထားခဲ့တယ်၊ မိဘက လစ်သွားတာတွေ ရှိတယ်နော်။

ဟုတ်ပြီ၊ ပုံမှန်အားဖြင့်ဆိုရင် မိဘက သားသမီးတွေကို ထိန်းသိမ်းစောင့်ရှောက်လို့ လူသားဖြစ်သွားတဲ့ လူတိုင်းလူတိုင်းဟာ မိဘကိုကျေးဇူးဆပ်ရမှာ သေချာတယ်။ ဘာဖြစ်လို့ ကျေးဇူးတင်ရတုန်းဆိုတော့ ကိုယ်က မိဘကို ပြန်ပြီးတော့ ပေးနိုင်တာရှိသလို မပေးနိုင်

http://www.dhammadownload.com



တာ တစ်ခုရှိတယ်၊ ဘယ်လိုမှ အတုန့်အလှည့် လုပ်လို့ မရတာ။ ဆိုပါစို့- အတုန့်အလှည့် လုပ်လို့ရတာ ဘာတုန်းဆို 'အာပါဒကာ- စောင့်ရှောက်မယ်၊ အမေ အဖေ အသက်ကြီးလာတဲ့အခါ ကိုယ်က ပြန်စောင့် ရှောက်တာ လုပ်လို့ရတယ်၊ အမေအဖေ အသက်အရွယ် ကြီးလို့ ကိုယ်ကလည်း အသက်အရွယ် ရလာလို့ သိတတ်လာလို့ မိဘကိုပြန်ကျွေးတယ်ဆိုတာ ဒါလည်း လုပ်လို့ရတယ်။ စောင့်ရှောက်တာလည်းလုပ်လို့ရတယ်၊ ကျွေးတာလည်း လုပ်လို့ရတယ်။

လုပ်လို့မရတဲ့၊ ပြန်ဆပ်လို့မရတဲ့ ကျေးဇူးက ဘာတုန်းဆို "ဒီလောကကြီးကို လာခွင့်ပြုတဲ့ ကျေးဇူး" က နည်းတာမှ မဟုတ်တာလေ။ ဒါကျတော့ အတုန့် အလှည့် လုပ်လို့ရပါ့မလား၊ မရဘူး။ အဖေအမေက ကိုယ့်ထက်အရင် မွေးတာလေ၊ ကိုယ်က လာခွင့်ပြုတာ မဟုတ်ဘူး၊ အမေအဖေက လာခွင့်ပြုတာ။ ဒီကျေးဇူး တရားကြောင့်မို့လို့ မြတ်စွာဘုရားက မိဘကို ကျေးဇူး ဆပ်လို့ မကျေဘူးလို့ပြောတာ။

http://www.dhammadownload.com



သာမန်အားဖြင့် ကျေးဇူးဆပ်မယ်ဆိုရင် ဟောဒီ **'ဣမဿ လောကဿ ဒဿေတာရော'** ဒီလောကကြီးကို လာခွင့်ပြုတယ် ဆိုတာကိုက တုန့်ပြန်ပြီးတော့ ပေးဆပ်လို့မရနိုင်တဲ့ ကျေးဇူးတစ်ခုပဲလို့ ဒီလိုဆိုလိုတာ။ အင်မတန်မှ ကျေးဇူးကြီးတယ်။ အခု ဒီလောကကြီးထဲ ကိုယ့်မိဘက လာခွင့်ပြုလိုက်လို့ လာရပြီ၊ လာရတဲ့အခါမှာ လောကမှာ မိမိအတွက် ကိုယ့်ကြီးပွားရာကြီးပွားကြောင်း ပညာတွေသင်ရတယ်၊ စီးပွားဥစ္စာတွေတိုးတက်ခွင့်ရတယ်၊ အလုပ်အကိုင်တွေ လုပ်ကိုင်ခွင့်ရတယ်၊ တရားဓမ္မတွေ နာခွင့်ရတယ်၊ တရားဓမ္မတွေကျင့်သုံးခွင့်ရတယ်၊ ဒါတွေဟာ လိုက်ကြည့်လိုက်မယ်ဆိုရင် မိဘက လူ့လောကကြီးထဲ လာခွင့်ပြုလိုက်လို့ ဒီအခွင့်အရေးတွေ ရတယ်လို့ ပြောရမှာပဲ။ အဲဒီတော့ ဒီကျေးဇူးတရားတွေဟာ ဘယ်သူ့ရဲ့ ကျေးဇူးတရားလည်းလို့ဆိုရင် မိဘရဲ့ ကျေးဇူးတရားတွေ၊ ဆပ်လို့မကုန်တဲ့ ကျေးဇူးတရားလို့ ဒီလိုပြောရမှာ။

http://www.dhammadownload.com



အဲဒီတော့ စဉ်းစားစရာတွေက အခုခေတ်မှာ အများကြီးဝင်လာတယ်။ စဉ်းစားစရာဆိုတာ သာမန်အားဖြင့်ကြည့်မယ်ဆိုရင် မိဘရဲ့ကျေးဇူး၊ ဟုတ်တယ်၊ မှန်တယ်။ မိဘရဲ့ကျေးဇူးကြောင့် ကိုယ်ဟာ လူ့ဘဝရောက်လာတာ၊ ဆပ်လို့မကုန်ဘူး။ ဒါက ပုံမှန်အနေအထားတစ်ခု ပြောတာ။ ကဲ-ဟုတ်ပြီ၊ မိဘရဲ့ ကျေးဇူးရှိလို့၊ ဒါဟာ ဒီလောကကြီးကို လာခွင့်ပြုတဲ့ ကျေးဇူးတရား တစ်ခုတည်းနဲ့ပဲ ကိုယ်ကတစ်သက်လုံး မိဘရဲ့ကျေးဇူးတရားကို မမေ့ထိုက်တော့ဘူး။ ဒါသေချာပြီ၊ မမေ့ထိုက်လို့ တုန့်ဆပ်ရမယ်၊ မိဘရဲ့ ကျေးဇူးတွေကို ဆပ်ရမယ်။

ကဲ-ဒီနေရာမှာ လောကလူတွေ တွေးထင်လာကြတာတွေရှိတယ်၊ အသက်အရွယ် ရောက်လာကြတော့ မိဘတိုင်း မိကောင်း ဖကောင်း ဖြစ်တာမှမဟုတ်တာ၊ မိကောင်း ဖကောင်း မဖြစ်ဘူးလေ။ တချို့မိဘက ဝတ္တရား မကျေရုံတင် မကဘူး၊ ကိုယ်ကျင့်တရား

http://www.dhammadownload.com



မကောင်းတဲ့ မိဘရော ရှိနိုင်တာပဲလေ။ အဲဒီလို မိဘက ငါးပါးသီလ မလုံဘူး ဆိုပါစို့၊ ကိုယ်ကျင့်တရား မကောင်းဘူး၊ အဲဒီလို ကိုယ်ကျင့်တရား မကောင်းတဲ့ မိဘကို သားသမီးက စော်ကားရင်ရော အပြစ်ရှိသလား လို့ ဒီလိုမေးကြတယ်၊ ဒီနေရာမှာ ကျေးဇူးဆိုတာ ကျေးဇူးပဲလေ၊ မိဘနဲ့သားသမီး ဘယ်သူ့အရင် မွေးတာ တုန်းဆို မိဘက အရင်မွေးတာ။ မိဘအရင်မွေးလိုက်လို့ မိဘက ကိုယ့်ကိုစောင့်ရှောက်ပြီးတော့ ဒီလောကကြီးထဲ လက်ခံလိုက်လို့ ကိုယ်က ဒီလောကကြီးထဲ ရောက်လာ တာဆိုတော့ မိဘရဲ့ကျေးဇူးဟာ ကိုယ့်အပေါ်မှာ ရှိနေ တာ၊ ဘယ်လိုနည်းနဲ့မှ မိဘကိုစော်ကားလို့မရဘူး။

မိဘကို စေတနာဆိုးနဲ့၊ သေစေလိုတဲ့စိတ်နဲ့ ဒေါသနဲ့ မိဘကိုသတ်မယ်ဆိုရင်တော့ မာတုဃာတကံ ပိတုဃာတကကံ ထိုက်တာပဲ။ ဆိုးတဲ့ မိဘဖြစ်ဖြစ်၊ ကောင်းတဲ့ မိဘဖြစ်ဖြစ်၊ ဘယ်မိဘပဲ သတ်သတ်၊ မိဘက အကျင့်စာရိတ္တဘယ်လောက်ဆိုးနေနေ၊ အကျင့်

http://www.dhammadownload.com



စာရိတ္တဆိုးတဲ့ မိဘကို သားသမီးကနေ ပြီးတော့ စော်ကားမယ်၊ သတ်ဖြတ်မှု ကျူးလွန်မယ်ဆိုရင်တော့ မာတုဃာတက ပိတုဃာတကကံ ထိုက်တာပဲ။ မထိုက်ဘူးလို့ မရှိဘူး။ ဘာဖြစ်လို့တုန်းဆိုတော့ အဆင့်ကိုက မိဘအဆင့်၊ ကိုယ်က သားသမီးအဆင့်ပဲ၊ ဒီနှစ်ခုဟာ ပြောင်းလဲပစ်လို့မရဘူး၊ ကိုယ်က မိဘနေရာမှာ မဟုတ်ဘူး၊ သားသမီးနေရာမှာပဲ ရှိတယ်။ လောကကြီးထဲ လာခွင့်ပြုထားတဲ့ ကျေးဇူးက သူ့ကျေးဇူး၊ သူမကောင်းတာ ကိုယ်နဲ့မဆိုင်ဘူး၊ သူမကောင်းတဲ့အလုပ် လုပ်ရင် သူပဲခံရမှာ၊ ကိုယ်နဲ့မဆိုင်ဘူး။ ကိုယ်မကောင်းလို့ရှိရင် ကိုယ်ခံရမှာပဲ၊ ဒီလိုတွေးဖို့လိုအပ်တယ်။

မိဘဟာ မိဘပဲ၊ မိဘကိုစော်ကားလို့ရှိရင် မိဘမကောင်းလို့ပဲ စော်ကားစော်ကား၊ စော်ကားတဲ့အပြစ်ဟာ ကိုယ့်အပြစ်ပဲ။ ဘာဖြစ်လို့တုန်းဆို 'က္ကမဿ လောကဿ ဒဿေတာရော' ကိုယ့်ကို ဒီလောကကြီးထဲ လာခွင့်ပြုထားတဲ့ ကျေးဇူးကြောင့်ပဲ။ လောက

http://www.dhammadownload.com



လူတွေက တစ်ခုခု ကူညီလိုက်ရင်တော့ ကျေးဇူးတင်ပါတယ်လို့ ပြောလေ့ရှိကြတယ်။ အကြီးအကျယ် ကူညီထားတဲ့ မိဘကျတော့ ကျေးဇူးတင်ရကောင်းမှန်း မသိဘူး၊ ကျေးဇူးတင်ရကောင်းမှန်း မသိဘဲနဲ့ ရန်စကားပြောတာ ရှိသေးတယ်။ "ခင်ဗျားကြီးတို့ ဟတ္ထာလုပ်လို့ ကျုပ်မွေးတာ၊" ဆိုပြီးတော့ အဲဒီလိုလည်းပြောတတ်ကြတယ်၊ မဟုတ်ဘူး၊ ဟတ္ထာပြုတိုင်း မွေးမှာမဟုတ်ဘူး။ အခုခေတ် Abortion ဆိုတာ ရှိတယ်လေ။ အဲဒါ ကိုယ့်ကိုလာခွင့်မပြုဘူး ဆိုလို့ရှိရင် လူဖြစ်မှာမဟုတ်ဘူး ဒီကနေ့ခေတ်မှာ လာခွင့်မပြုတာတွေအများကြီးပဲ။ family plan လုပ်ပြီးတော့ မိသားစုထဲမှာ တစ်ယောက်ပဲ လက်ခံမယ်၊ နှစ်ယောက်ပဲ လက်ခံမယ်၊ အခုခေတ်မှာ ကန့်သတ်ကုန်ပြီ။ လာချင်တိုင်း လာလို့မရဘူး။

လာချင်တိုင်း လာလို့ရနေတာတော့ တောချုံပုတ်ထဲက တဲစုတ်နဲ့အိမ်တွေမှာတော့ လာချင်တိုင်း လာလို့

http://www.dhammadownload.com



ရနေတယ်၊ ချမ်းသာတဲ့ လူကတော့ လာချင်တိုင်း လာလို့မရဘူး။ အခုခေတ်မှာ အကန့်အသတ်တွေ လုပ်လာကြတယ်၊ ကမ္ဘာနဲ့အဝှမ်း ကန့်သတ်မှုတွေ လုပ်လာကြပြီ၊ ဒါ ဆုတ်ယုတ်မှုတစ်ခုလို့ ပြောရမှာပဲ။

'မနုဿတ္တဘာဝေါ ဒုလ္လဘော' လူ့ဘဝရဖို့ ခဲယဉ်းတယ်ဆိုတာ ဒီကနေ့ သရုပ်ပိုပြီးတော့ ထင်ရှားလာတယ်။ တချို့နိုင်ငံတွေမှာ ဥပဒေနဲ့ သတ်မှတ်ပြီးတော့ Abortion မလုပ်ရဘူး၊ လုပ်ရင် အပြစ်ဒဏ်၊ ပြစ်မှုကျူးလွန်တယ်။ တချို့နိုင်ငံတွေ ကျတော့ တရားဝင် လုပ်ခွင့်ပြုထားတယ်။ တရားဝင် လုပ်ခွင့်ပြုထားတဲ့ နိုင်ငံတွေဟာ တရားဝင်လူသတ်ခွင့် ပေးထားတာနဲ့ မတူဘူးလား။

လူ့ရဲ့ လူလို့သတ်မှတ်တဲ့ အချက်ချင်းလည်း မတူကြဘူး။ ဆေးပညာမှာ လူလို့ သတ်မှတ်တာက လှုပ်ရှားလာပြီးတော့ အသက်ရှူလာမှ၊ အဲဒီအဆင့် ရောက်မှ လူလို့သတ်မှတ်တယ်။ ဗုဒ္ဓကတော့ အဲဒီလို

http://www.dhammadownload.com



မဟုတ်ဘူး။ မြတ်စွာဘုရားက လူလို့ သတ်မှတ်တာ ဘယ်အချိန်ကစ သတ်မှတ်တုန်း ဆိုလို့ရှိရင် ပဋိသန္ဓေ စုတိစိတ်ကျပြီးတော့ မိခင်ရဲ့ဝမ်းထဲမှာ ကလလရေ ကြည်လို့ဆိုတဲ့ အင်မတန်မှ သေးငယ်တဲ့ အစက် အပြောက်ကလေးထဲမှာ ရှိတဲ့ ပဋိသန္ဓေ ဝိညာဉ်စိတ်နဲ့ စေတသိက်၊ ကမ္မဇရုပ်(၃၀) အဲဒါနဲ့ ဖွဲ့စည်းထားတဲ့ ရေပေါက်ကလေးလောက်ရှိတဲ့ အနေအထားလေးက စပြီးတော့ လူလို့သတ်မှတ်တယ်။

အဲဒီဟာကို အသက်ရှိတယ်၊ မရှိဘူး ဘယ်လိုလုပ် သိရမလဲဆိုရင် ဆေးပညာအဆိုအရတော့ သူက အသက်မရှူသေးဘူး၊ နှလုံးမခုန်သေးဘူး ဆိုရင် အသက်မရှိသေးဘူးလို့ ဒီလိုယူဆတယ်နဲ့ တူတယ်။ အသက်ဆိုသည်မှာ အသက်ရှူသည်ဖြစ်စေ၊ မရှူသည် ဖြစ်စေ၊ နှလုံးခုန်သည် ဖြစ်စေ၊ မခုန်သည် ဖြစ်စေ အသက်ဇီဝိတရဲ့ အဓိပ္ပာယ်က ဒီ ရေကြည်ပေါက် ကလေး တဖြည်းဖြည်း ကြီးထွားလာအောင် ထိန်းသိမ်း

http://www.dhammadownload.com



စောင့်ရှောက်ထားတာ၊ ဒီ ရေကြည်ပေါက်ကလေး ပုပ်သိုးမသွားအောင် ထိန်းသိမ်းစောင့်ရှောက်တာကို ဗုဒ္ဓရဲ့ အဆုံးအမက အသက်လို့ခေါ်တယ်။ ဒါကြောင့် အသက်ဆိုတာကို ရေနဲ့ကြာ ဥပမာပေးထားတယ်။ ရေဟာ ကြာကို လန်းဆန်းပွင့်လန်းနေအောင် စောင့်ရှောက်ထားသလို ဇီဝိတကလည်းပဲ လူရဲ့ရုပ်ခန္ဓာ၊ နာမ်ခန္ဓာကို ဆက်လက်ရှင်သန်နေအောင် ထိန်းသိမ်းစောင့်ရှောက်ထားတယ်လို့ ဒီလိုပြောတာ။

အခု လူ့ဘဝရောက်လာပြီး၊ အသက်အရွယ်ရလာပြီးတော့ အသက်ချုပ်သွားပြီ ဆိုလို့ရှိရင် သုံးရက်လောက်နေလို့ရှိရင် ဘာဖြစ်လာလဲ၊ ပုပ်လာတယ်။ အဲဒါ အသက်မရှိတော့တာ သေချာတယ်။ အကယ်၍ အသက်ရှိနေသေးတယ် ဆိုရင် မေ့မျောနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ တစ်လမေ့နေနေ၊ တစ်နှစ်မေ့နေနေ၊ တစ်ခါတုန်းက နိုင်ငံခြားမှာဆို (၁၅)နှစ်၊ အနှစ်(၂၀) မေ့နေတာ ရှိတယ်လေ။ အသက်မရှုဘဲနဲ့ အသေလို

http://www.dhammadownload.com



ဖြစ်နေတယ်၊ ဒါပေမယ့် မပုပ်ဘူး၊ မပုပ်တာ ဘာဖြစ်လို့ တုန်းဆို အသက်ရှိနေသေးလို့။ အသက်ဆိုတဲ့ ဇီဝိတက protect လုပ်ထားတယ်၊ ထိန်းသိမ်းစောင့်ရှောက်နေတယ် ဒါကြောင့်မပုပ်တာ၊ အကယ်၍ အသက်မရှိတော့ဘူးဆိုရင် ပုပ်သွားတယ်၊ ဒီလိုဆိုတာပေါ့။ ဒါကြောင့် မိခင်ရဲ့ဝမ်းထဲမှာ အသက်က ဘယ်အချိန်က စတာတုန်းလို့မေးလို့ရှိရင် ကလလရေကြည်က စတယ်လို့ ဒီလိုပြောတာ။ အဲဒီအချိန်ကစပြီး abortion လုပ်လို့ မရဘူး၊ ပေးရင်လူသတ်မှုပဲ။ ရဟန်းတွေ ဆိုလို့ရှိရင် အဲဒီအချိန်မှာ ဆေးပေးလို့ရှိရင် ကိုယ်ဝန်ကျဆေး သွားပြီးတော့ သေစေလိုတဲ့ စိတ်နဲ့ပေးရင် ပါရာဇိက ကျတယ်။

ကြက်ဥနဲ့ ပတ်သက်ပြီးတော့ စဉ်းစားကြည့်ကြပေါ့၊ တချို့က ကြက်ဥကို အသက်မရှိသေးဘူးလို့ ယူဆတယ်၊ ဗုဒ္ဓရဲ့ အဆိုအမိန့်အရ ဒီကြက်ဥလေး သဏ္ဌာန် ပေါ်လာပြီဆိုကတည်းက ဒီထဲမှာ ဝိညာဉ်

http://www.dhammadownload.com



ကလေး ရှိနေပြီ။ ဒီကြက်ဥလေး ပုပ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်တာက အသက်က ထိန်းသိမ်းစောင့်ရှောက်တာ၊ အကောင်မပေါ်သေးတာနဲ့ အသက်မရှိသေးဘူးလို့ ဒီလိုမဟုတ်ဘူး၊ ဒီကြက်ဥလေးဟာ မိခင်ကြက်မကလည်း ဝပ်ပေးတယ်၊ အဲဒီကြက်ဥ တဖြည်းဖြည်း ရင့်လာတဲ့အခါမှာ အကောင်ဖြစ်လာတယ်။ အဲဒီလို ဖြစ်လာဖို့ အခြေခံမျိုးစေ့လေး ရှိကတည်းက အသက်ရှိတယ်လို့ ပြောရမယ်။ ဒါကြောင့်မို့ ကြက်ဥစားရင် ပါဏာတိပါတကံ ထိုက်သလားလို့ ဆိုတော့ ကြက်ဥကို "သတ္တဝါလို့လည်း ယူဆမယ်၊ သတ္တဝါလည်းဟုတ်တယ်၊ သတ္တဝါကတော့ဟုတ်နေပြီ၊ အသက်ရှိတာ ဟုတ်နေပြီ၊ သေစေလိုတဲ့ စိတ်လည်း ရှိတယ်၊ သေအောင်လည်းလုပ်မယ်၊ သေလည်းသေမယ်၊" ဒီ(၅)ချက်နဲ့ ပြည့်စုံရင်တော့ ပါဏာတိပါတကံ ထိုက်တယ်။

http://www.dhammadownload.com



အဲဒီတော့ သတ္တဝါလို့မယူဆဘူး၊ အသက် မရှိဘူးလို့ ယူဆပြီးစားရင်တော့လည်း သေမှုတော့ ဖြစ်မှာပဲ။ ပါဏာတိပါတ အင်္ဂါရပ်တော့ မပြည့်စုံဘူးလို့ ဒီလိုပြောရမှာပဲ။ ဒါကြောင့်မို့ ပါဏာတိပါတ ကင်းလွတ်ချင်တဲ့ ပုဂ္ဂိုလ်တွေ၊ ငါးပါးသီလ လုံလုံခြုံခြုံ သန့်သန့်ရှင်းရှင်း နေချင်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ကြက်ဥကို မစားကြဘူး။ အသက်လို့ သတ်မှတ်ပုံခြင်းက လောကသတ်မှတ်ချက်နဲ့ မြတ်စွာဘုရားရဲ့ သတ်မှတ်ချက်ခြင်း မတူဘူး ဆိုတာလေးကိုတော့ သတိထားပေါ့။

ကောင်းပြီ-လူ့ဘဝရလာကြတယ်၊ လူ့ဘဝ ရလာပြီ၊ အဲဒီလိုရလာတဲ့အချိန်မှာ မိဘနဲ့သားသမီး ဆက်ဆံမှုဆိုတာ နှစ်ခုဖြစ်လာတယ်။ အဲဒီနေရာမှာ ဒီလို သရုပ်ခွဲလို့ရတယ်။ (၁) မိဘက ကိုယ်ကျင့်သီလ မရှိဘူး၊ သားသမီးက ကိုယ်ကျင့်သီလ ရှိတယ်။ (၂) သားသမီးက ကိုယ်ကျင့်သီလ မရှိဘူး၊ မိဘက ကိုယ်ကျင့်သီလ ရှိတယ်။ (၃) သားသမီးရော မိဘရော ကိုယ်ကျင့်သီလ

http://www.dhammadownload.com



မရှိဘူး။ (၄) နောက် သားသမီးရော မိဘရော ကိုယ်ကျင့်သီလနဲ့ ပြည့်စုံတယ်လို့ လေးမျိုး။ မိသားစုကို ဒီလို လေးမျိုးခွဲလို့ရတယ်။

ဘယ်လို အနေအထားမှာပဲရှိရှိ သားသမီးသည် မိဘကိုစော်ကားရင် အပြစ်ရှိတယ်၊ ဘယ်လိုမိဘမျိုးပဲ ဖြစ်ဖြစ် စော်ကားရင် ကိုယ်က သားသမီးဖြစ်ခြင်းကြောင့် ကိုယ့်ရဲ့ရာထူးက နိမ့်ပြီးသားပဲလေ၊ နိမ့်ပြီးသားဆိုတော့ အထက်လူကြီးကို ပြန်ပြောမှုနဲ့ အဲဒီမှာအပြစ်ရှိတယ်။ ဒါက "တစ်ဖက်သတ်"လို့ ပြောရမလားလို့ ဆိုရင် ဘယ်ဟုတ်မလဲ၊ ကျေးဇူးတရား ဆိုတာဟာ ကိုယ့်ထက် အရင်ရောက်ကတည်းက ကိုယ်ကို လုပ်ပေးထားတဲ့ ကျေးဇူးတရားဆိုတာ ရှိတယ်။ တင်နေတာ ကိုယ်က ကျေးဇူးတင်တယ်။ ဒါကြောင့်မို့ ကိုယ်ကျင့်တရားကောင်းတဲ့ မိဘပဲဖြစ်စေ၊ မကောင်းတဲ့မိဘပဲ ဖြစ်စေ သားသမီးက စော်ကားလို့ရှိရင်တော့ အပြစ်ရှိတယ်။

http://www.dhammadownload.com



တစ်ခါ ဒီလိုခဲ့တာလည်း ရှိတယ်၊ အမေက သီလ ရှိတယ်၊ အဖေက သီလမရှိဘူး၊ မာတုဃာတက၊ ပိတုဃာတကကံ နှစ်ခုစလုံး ကျူးလွန်တယ်။ အမေရော အဖေရော သတ်တယ်ဆိုတဲ့ လူကျတော့ ဘယ်အကုသိုလ်က အကျိုးပေးတုန်းဆို သီလရှိတဲ့ဟာက ပိုပြီး အကျိုးပေးတယ်။ သီလရှိတဲ့ အမေအဖေကို သတ်ရင် ပိုပြီး အပြစ်ကြီးတယ်။ အဲဒီတော့ အမေနဲ့အဖေ နှစ်ယောက်စလုံး သတ်လို့ရှိရင်တော့ ဘယ်ဟာက ပိုပြီးတော့ အကုသိုလ်ကြီးတုန်းဆိုရင် အမေကိုသတ်တာ ပိုပြီးအကုသိုလ်ကြီးတယ်။ ဘာဖြစ်လို့လဲ? အမေကို မျက်နှာလိုက်တာလား ဆိုတော့ မျက်နှာလိုက်တာ မဟုတ်ဘူး၊ အမေက ပိုပြီးတော့ လုပ်ရတယ်လေ၊ အဖေဆိုတဲ့လူက ခပ်ဝေးဝေး နေတဲ့လူကိုး။ အမေက အကုန်လုပ်ရတာလေ။ သားသမီးအပေါ်မှာ ပြုစုစောင့်ရှောက်တဲ့နေရာမှာ အမေက အဓိကဖြစ်နေတယ်။ ဒါကြောင့်မို့ အမေ့ကျေးဇူးက ပိုများတယ်လို့ ဒီလိုပြောတာ။

http://www.dhammadownload.com



ပိတုမာတာလို့ မခေါ်ဘဲနဲ့ မာတာပိတုလို့ ဒီလို သုံးတာလည်း အဓိပ္ပာယ်ရှိတယ်။ အမေအဖေ၊ သို့သော် စာပေစကားအရ မာတာနဲ့ပိတာဆိုတဲ့ စကားနှစ်ခုက မာတုပိတုမှာ၊ အ အာ ဣ ဤ ဆိုတဲ့ စကားလုံး အစဉ် အတိုင်း ပြောမယ်ဆိုရင် မာတာက ရှေ့ကနေရမှာပဲ။ တဘက်က ကြည့်မယ်ဆိုလို့ရှိရင်တော့ ပိုပြီးတော့ သားသမီးအပေါ်မှာ ကျေးဇူးရှိလို့ မာတာက ရှေ့ကနေ ရတယ်လို့ ဒီလိုဆိုတယ်။

အဲဒီတော့ အကျဉ်းချုပ် ကောက်နုတ်ချက် ပြောရ မယ်ဆိုရင် ဘယ်လိုမိဘမျိုးပဲဖြစ်ဖြစ် သားသမီးက မိဘ ကို ပြစ်မှားရင်တော့ သားသမီးမှာ အပြစ်ရှိတယ်။ ဒါကတော့ တစ်ထစ်ချမှတ်ထားရမှာပဲ။ ဘယ်လိုမိဘ မျိုးပဲဖြစ်ဖြစ် သားသမီးကပြုစုရင် အကျိုးရှိတယ်၊ ဒါလဲ တစ်ထစ်ချ မှတ်ထားရမယ့် မြတ်စွာဘုရားရဲ့ အဆုံးအမ စကားပဲ။ ကျေးဇူးရှိတာဟာ မိဘသာလျှင် ဖြစ်တယ်၊ အမေအဖေက ကိုယ့်အပေါ်မှာ အသာစီးရနေတယ်လို့

http://www.dhammadownload.com



တော့ ဒီလို မအောက်မေ့လေနဲ့။ သူက အရင်မွေးတာ ကိုး၊ ရမှာပေါ့။ နည်းနည်းတော့ အသာစီးရတယ်။

သို့သော် မိဘဝတ္တရား၊ သားသမီးအပေါ်မှာ ထားရမယ့် မိဘဝတ္တရား ဆိုတာကိုလည်း မြတ်စွာ ဘုရားက ပုတ္တဒါရဿ သင်္ဂဟော လို့ ဟောတယ်။ ပုတ္တ သင်္ဂဟ- သားသမီးကို ချီးမြှောက်စောင့်ရှောက် ရမယ်ဆိုတာ မိဘရဲ့ဝတ္တရား တစ်ခုဖြစ်သွားတယ်။ အဲဒီဝတ္တရား မကျေလို့ရှိရင် မိဘမှာလည်း အပြစ်တော့ ရှိတယ်။

ဒါဖြင့် မိဘက သားသမီး သတ်လို့ရှိရင် မာတုဃာတက၊ ပိတုဃာတကကံ ထိုက်သလို ပုတ္တဃာတကကံရော မထိုက်ဘူးလားလို့ မေးစရာ ရှိတယ်။ သတ်သည့်အတွက်ကြောင့် အကုသိုလ်တော့ ဖြစ်တယ်၊ သို့သော် အနန္တရိယကံလို့ ဒီလိုပြောလို့ မရဘူး။ ကံကြီးထိုက်တယ်လို့ ပြောလို့မရဘူး။ ဘာဖြစ် လို့တုန်းဆိုတော့ ကိုယ်က သားသမီး၊ မိဘကခေါ်လို့

http://www.dhammadownload.com



လူ့ဘဝရောက်လာတဲ့ ပုဂ္ဂိုလ်ဆိုတော့ ကိုယ်ကတစ်ဆင့် နိမ့်နေတယ်ပေါ့။ အမြဲတမ်း တစ်ဆင့်နိမ့်နေတယ်။ ကိုယ့်သားသမီးကျတော့ ကိုယ်ကမြင့်မှာပေါ့။ လူတွေက သားဖြစ်လိုက်၊ အဖေဖြစ်လိုက်၊ ဒီလိုသွားမှာပေါ့။ အဲဒီတော့ ဒီတဆင့်မှာကျတော့ ကိုယ်ကဝါနိမ့်၊ ဝါငယ်နေတယ်။ ဝါငယ်နေတော့ ဝါကြီးဝါငယ် ဆိုတာ ဝါကြီးက ရှိခိုးရတယ်လို့ ရှိမှမရှိတာ။ ဝါငယ်ကပဲ ရှိခိုးရမှာပေါ့။ ဒါက လောကရဲ့ အစဉ်အလာတစ်ခုပဲလေ။ ဒီလိုဆိုတာပေါ့။

ဒီကနေ့ခေတ်မှာ (မြန်မာပြည်မှာသာ ပြောတာ မဟုတ်ဘူး၊ ကမ္ဘာမှာကို ခြုံပြီးတော့ကြည့်။) သားသမီးနဲ့ မိဘအကြား၊ မိဘနဲ့သားသမီးအကြား ဆက်ဆံရေးတွေဟာ လျော့ပါးလာတယ်၊ မှန်ကန်တဲ့အမြင်တွေ လျော့ကျလာတယ်ဆိုတာ ထင်ထင်ရှားရှား ရှိလာတယ်။ နိုင်ငံရပ်ခြားတွေမှာ ဆိုလို့ရှိရင် ဘာတွေဖြစ်လာတုန်းဆိုတော့ သားသမီးက (၁၈)နှစ်ဆိုရင် အရွယ်

http://www.dhammadownload.com



ရောက်ပြီတဲ့၊ အရွယ်ရောက်တဲ့အခါကျတော့ သူတို့ နေချင်တဲ့ဆီ နေမှာပဲ၊ သွားချင်တဲ့ဆီသွားတယ်။ မိဘရဲ့ အုပ်ထိန်းမှုက လွတ်တယ်လို့ သူတို့ ဒီလိုဆိုကြတယ်။ သည့်အတွက်ကြောင့် သားသမီးက မိဘအပေါ် သိပ်ပြီး တော့ ဂရုမစိုက်ကြတော့ဘူး။ (၁၈) နှစ်ဆိုရင် ဘာနဲ့ ဥပမာတူတုန်းဆိုတော့ အသိုက်ထဲက ငှက်ကလေးတွေ ကိုယ့်ဟာကိုယ် ပျံနိုင်ရင် ပျံသွားတော့တာပဲ။ ဒီအသိုက် ကို ပြန်မလာတော့သလိုပဲ အဲဒီလို သွားကြတာ။ နိုင်ငံခြားတွေမှာတော့ အဲဒီလိုဖြစ်ကုန်ပြီ။ မြန်မာ ပြည်မှာတော့ အဲဒီလိုမဟုတ်သေးဘူး။ မိဘနဲ့သားသမီး ဟာ မေတ္တာနှောင်ကြိုးလေးတွေ ရှိနေသေးတယ်။ အဲဒီ မေတ္တာနှောင်ကြိုးလေးတွေ ရှိနေတာဟာ အလွန် ကောင်းတယ်လို့ ပြောရမှာပဲ။ ဝတ္တရားကျေပွန်မှု အတွက် မေတ္တာနှောင်ကြိုးလေးတွေ ရှိရတယ်။

နိုင်ငံခြားတိုင်းပြည်မှာကျတော့ မိဘနဲ့သားသမီး ဆုံတွေ့ဖို့ ဆိုတာ အလွန်ခဲယဉ်းသွားတယ်။ သူတို့

http://www.dhammadownload.com



ဘာသာရေးနေ့မှာတို့၊ New Year တို့ဘာတို့မှာ Greeting Card ကလေးတွေ ပို့ပြီးတော့ Greeting Card လေးနဲ့ နှုတ်ဆက်တာပဲ ရှိတော့တယ်။

မြန်မာပြည်က ဒကာကြီးတစ်ယောက်၊ ရန်ကုန်က ပါပဲ။ သူတို့ နိုင်ငံခြားသွားပြီး အလုပ်အကိုင်လေး အဆင်ပြေတဲ့ အခါကျတော့ သားနှစ်ယောက်ကို ခေါ် လိုက်တယ်။ ခေါ်လိုက်တဲ့ အခါကျတော့ ဒီကလေးတွေ က ငယ်ငယ်နဲ့ ဟိုရောက်သွားတယ်, ဟိုမှာကျောင်းနေ၊ ကျောင်းကလူတွေ အပေါင်းအသင်းတွေနဲ့ ဆိုတော့ ကလေးတွေက မြန်မာအမူအယာ သိပ်မရှိတော့ဘူး၊ ဒါကို နိုင်ငံခြားအသက်ဝင်သွားတယ်လို့ ခေါ်ကြတယ်။ American မှာဆို American Life ဝင်သွားတယ်လို့ ပြောတာ။ အသက်ဝင်သွားတဲ့ အခါကျတော့ အဖေကို လက်ပြ နှုတ်ဆက်သွားတဲ့အဆင့် ရောက်သွားတယ်။ မြန်မာပြည်တုန်းကတော့ အမေ အဖေကို ကန်တော့ သွားတယ်။ ဟိုကျတော့ "တာ့တာ" လုပ်သွားတယ်။

http://www.dhammadownload.com



တာ့တာလုပ်တာက အရေးမကြီးဘူး၊ အမေအဖေကို ဂရုမစိုက်ဘူး။ Girl friend တွေ ခေါ်လာပြီးတော့ မိဘရှေ့မှာ နေချင်သလိုနေတာ။ ဒါ သူများကတဆင့် ပြောတာမဟုတ်ဘူး၊ ဘုန်းကြီးတို့ America သွားတဲ့အခါမှာ အဲဒီဒကာကြီးက လျှောက်တာ။ "အရှင်ဘုရား၊ ဒီကောင်တွေ သင်္ကန်းဝတ်ပေးချင်တယ် ဘုရား၊ တပည့်တော် ခေါ်လာမိတာတော့ မှားပါပြီ၊ ခုချိန်မှာ သူဘာမှ မတတ်နိုင်ဘူး။ အခု သူ ဘာခေါင်းဆိုလား၊ ညာခေါင်းဆိုလား ဖြစ်နေပြီ"တဲ့။ မကျေမနပ်ပြောတာ။ အမေအဖေကို တာ့တာလုပ်သွားတယ်၊ ဘာမှ ဂရုမစိုက်တော့ဘူး။ ဒါက သူတို့နိုင်ငံရဲ့ ဆက်ဆံရေးက ဒီလိုရှိတာကိုး။ အဲဒီပုံစံ ချိုးသွားတဲ့အခါမှာ နိုင်ငံခြားရောက်တဲ့ မိဘတွေ စိတ်နှလုံးချမ်းသာတယ်လို့ မထင်ကြလေနဲ့။ သားသမီးရှိတဲ့ ပုဂ္ဂိုလ်တွေဟာ စိတ်နှလုံး အေးချမ်းမှု မရကြဘူးတဲ့။ သို့သော် လိမ္မာတဲ့ သားသမီးတော့ ရှိမှာပေါ့၊ လိမ္မာမှုမရှိတဲ့ သားသမီးလည်း ရှိတာပဲ။

http://www.dhammadownload.com



ဘုန်းကြီးတို့ကြုံတွေ့ခဲ့ရတယ်။ အဲဒီမှာ တစ်နှစ်လောက် နေခဲ့တဲ့အခါကျတော့ သူတို့အကြောင်းတွေ တော်တော် လေး သိလာခဲ့ရတယ်။

အဲဒီလို ဘဝအခြေအနေ တစ်ခုတွေဟာ မိဘနဲ့ သားသမီးအကြားမှာ အမြင်တွေဟာ ပြောင်းလဲသွား တာလဲ အများကြီးရှိတယ်။ ပြောင်းလဲသွားပြီ။ မိဘ ကလည်း သားသမီးကို မစောင့်ရှောက်တော့ဘူး၊ သား သမီးကလည်း မိဘကို မစောင့်ရှောက်ကြတော့ဘူး။ သိပ်ပြီးတော့ အသိအမှတ်မပြုကြတဲ့ အနေအထားဟာ အတိုင်းအတာတစ်ခုထိ ရောက်လာပြီလို့ ဒီလိုပြောရ မှာ။ ဒါက ကောင်းတဲ့လက္ခဏာ မဟုတ်ဘူးတဲ့။ ကမ္ဘာ လောကကြီး ဆုတ်ယုတ်လာတဲ့ လက္ခဏာလို့ ဒီလိုပြော ရမှာ။

နောက်တစ်ခါ သူတို့နိုင်ငံတွေမှာဘာဖြစ်လာတုန်း ဆိုလို့ရှိရင် ကိုယ့်သားသမီး ဆိုပြီးတော့ ကလေးလေး ကို ရိုက်တာနှက်တာ သွားမလုပ်လေနဲ့၊ မြန်မာပြည်မှာ

http://www.dhammadownload.com



တော့ ရိုက်လို့ရသေးတယ်၊ ဒါပေမယ့် အလွန်အကျွံ ရိုက်တာတော့ မကောင်းဘူး။ မရိုက်သင့်ဘူး၊ ဆုံးမ ရတယ်၊ ဆုံးမတာနဲ့ရိုက်တာ တခြားစီပဲ။ သို့သော် မြန်မာပြည်ကတော့ အရိုက်ခံရတာပဲ။ ဘုန်းကြီးတို့ လည်း အရိုက်ခံခဲ့ရတာပဲ။ ဆရာနဲ့တပည့်ကြား အရိုက် ခံရတယ်။ ရိုက်တာ မကောင်းဘူး ဆိုတာ ခုမှသိတယ်။ ဆုံးမဩဝါဒပေးရင် မရဘူး၊ ရိုက်မှ ကြောက်မယ်ဆိုတဲ့ အတွေးကြီးက မှားတဲ့အတွေးကြီးပဲ။ ဒီကောင် ရိုက်ကို ရိုက်မှဖြစ်မှာ၊ ရိုက်မှ ကြောက်တယ်လို့ ထင်တာ။ ရိုက် တိုင်းကြောက်တာ မဟုတ်ဘူး၊ သာသနာပိုင်ဆရာတော် ကြီးပြောတာလိုပဲ၊ သူ့တပည့်က သာသနာပိုင်ဖြစ်တော့ ဆွမ်းခံသွားတဲ့ အခါတောင်မှပဲ ကျိုင်းနဲ့သိုင်းနဲ့ သွားတဲ့ အခါကျတော့ "ဟဲ့-ကျိုင်းတွေသိုင်းတွေနဲ့ သွားလို့၊ မင်းကို လူကကြောက်မှာ မဟုတ်ဘူး၊ ကြောက်အောင် အပြောက်ဆောင်"လို့ ပြောသတဲ့။ အဲဒါလို ဖြစ်နေပြီ၊ အပြောက်နဲ့မှရမှာ၊ ကျိုင်းနဲ့သိုင်းနဲ့တော့ ဘယ်သူမှ

http://www.dhammadownload.com



ကြောက်မှာ မဟုတ်ဘူး၊ ရိုက်ရုံနဲ့တော့ မကြောက်ဘူး၊ ဘယ်လောက်ရိုက်ရိုက် မကြောက်ဘူး၊ ရိုက်တုန်းလေးပဲ၊ တစ်ခါတစ်ခါ ကိုရင်တွေကိုရိုက်ပြီး ကြည့်လိုက်တယ်၊ ပွတ်ပြီးတော့ ဟိုဘက်ကျရင် ရယ်သွားတာပဲ။ ရိုက်တုန်းနာတယ်၊ မျက်ရည်တောင် မခြောက်ခင် ရယ်နေတာ။ နောက်မလုပ်ဘူးလား ဆိုတော့ လုပ်ပြန်တာပဲ၊ ဘာမှမထူးဘူး။

အဲဒီတော့ ရိုက်တာ နှက်တာဟာ နောက်ဘဝကျတော့ ဘာအကျိုးပေးတတ်တုန်း ဆိုတော့ ရသာကြောတွေ ပျက်စီးစေတတ်တဲ့ အကျိုးပေးတတ်တယ်။ စားလို့သောက်လို့ ခံတွင်းမကောင်းဘူးဆိုတဲ့လူတွေ ကြပ်ကြပ်သတိထား။ ဟိုဘဝက ရိုက်လာတာ၊ ခံတွင်းပျက်တယ်၊ ခံတွင်းပျက်တယ်နဲ့ ခဏခဏပြောနေတယ်၊ ဟိုဘဝသူများကို ရိုက်ခဲ့တာ ရိုက်ခဲ့လို့ရှိရင် ခံတွင်းပျက်သတဲ့။ အဲဒီတော့ မရိုက်ဘဲနဲ့ လိမ္မာယဉ်ကျေးအောင်၊ နားလည်အောင် ဆုံးမတာဟာ အကောင်းဆုံးပဲ။ အကျိုးသင့်

http://www.dhammadownload.com



အကြောင်းသင့်ပြောပြပြီး ဆုံးမတာ။

ဆုံးမတဲ့အခါမှာ လူဆိုတာ အမျိုးမျိုးရှိတယ်၊ မြတ်စွာဘုရား ဥပမာပေးထားတာ ရှိတယ်။ ရောဂါသည်ဟာ သုံးမျိုးရှိတယ်တဲ့၊ (၁) ဆေးဝါးခတ်စာ ကုသမှုခံရမှ အသက်ရှည်မယ့် လူနာလည်းရှိတယ်၊ (၂) ဆေးဝါးခတ်စာ ကုသမှုရှိသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သေမယ့်လူနာလည်းရှိတယ်၊ (၃)ဆေးဝါးကုသခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ သူ့ဟာသူ အချိန်တန်တော့ ပျောက်မယ့်ရောဂါလည်းရှိတယ်။

အဲဒီမှာ ဆုံးမဩဝါဒပေးရတယ် ဆိုတာ ခုနကလို ပြုစုကုသမှုခံရမှ အသက်ရှည်မယ့် လူနာမျိုး၊ မခံရရင် အသက်မရှည်ဘူးဆိုတဲ့ လူနာမျိုးလိုပဲ ဆုံးမဩဝါဒရမှ ကြီးပွားမယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးသာ ဆုံးမရမှာ၊ ဆုံးမစရာ မလိုဘူး၊ သူ့ဟာသူ ခုနကလို ဆေးကုစရာမလိုဘူး၊ သူ့ဟာသူ ပျောက်မယ့်ရောဂါမျိုးတို့၊ ကုကု မကုကု မရဘူး၊ သေမယ်ဆိုတာမျိုးတွေတို့ အဲဒီလို ပုဂ္ဂိုလ်မျိုး

http://www.dhammadownload.com



တွေကတော့ အမိကမဟုတ်ဘူးတဲ့၊ ဆုံးမသြဝါဒမှ မရရင် ဒီလူက ပျက်စီးသွားမယ်၊ အဲဒီ ပုဂ္ဂိုလ်မျိုးအတွက် ဆုံးမရတာတဲ့၊ လူသုံးယောက်ထဲမှာ တစ်ယောက်ပဲ ဆုံးမရမယ့်သူပါတယ်၊ အဲဒီ အမျိုးအစားထဲပါမှ ဆုံးမလို့ အကျိုးရှိတယ်။

လူ့လောကမှာ "မိဘနဲ့သားသမီး အကြား မှန်ကန်သောအမြင်" ဆိုတာတွေက ကွဲပြားခြားနားလာပြီ။ မိဘက ဒို့အပေါ် ကျေးဇူးရှိတယ်ဆိုတာကို လက်မခံချင်ကြဘူး၊ ဒါ မှားယွင်းတဲ့အမြင်တစ်ခု ဖြစ်လာတယ်။ မိဘရှိတယ် ဆိုတာကိုတောင် အသိအမှတ် မပြုချင်ကြဘူး၊ အဲဒီလိုဖြစ်လာလို့ ရှိရင်တော့ လူ့လောကကြီးဟာ ပျက်စီးဖို့ ဒီအမြင်တွေက မြင်လာခြင်း ဖြစ်တယ်။ သူတော်ကောင်းတွေရဲ့ အမြင်ကျတော့ ဘယ်လိုမြင်ရတုန်းဆိုတော့ မိဘဆိုတာကျေးဇူးရှိတယ်၊ သီလရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိဘက ကျေးဇူးရှိတယ်၊ ကျေးဇူးသာ ကိုယ်နဲ့ဆိုင်တာ၊ သီလရှိတာ မရှိတာ

http://www.dhammadownload.com



ကိုယ်နဲ့မဆိုင်ဘူး၊ သီလရှိတာ မရှိတာ သူ့ရဲ့ကိုယ်ရေး ကိုယ်တာလို့ ဒီလိုတွက်ရတယ်။ ကျေးဇူးရှိတာ မရှိတာ က ကိုယ်နဲ့ပတ်သက်တယ်၊ ဒီလိုဆိုရမှာ။

သားသမီးကလည်း ထို့အတူပဲ၊ ဒို့ဟာ ကျေးဇူး ရှိတဲ့ ပုဂ္ဂိုလ်မို့ ကျေးဇူးတင်ရမယ်၊ ကျေးဇူးပြုရမယ်၊ ဒီလိုဆိုရတယ်။ အဲဒီတော့ မိဘကလည်း သားသမီးကို ကျေးဇူးပြုတယ်၊ အဲဒီလို မှန်ကန်တဲ့အမြင်နဲ့ သွားရ မယ်။

နိုင်ငံခြားတိုင်းပြည်တွေမှာ ကိုယ့်သားသမီး ဆိုပြီး တော့ သွားရိုက်လို့မရဘူး၊ ရိုက်တာနဲ့ ဘာလုပ်လဲ၊ 911 နှိပ်ပြီးတော့ ပုလိပ်လှမ်းခေါ်တာ၊ အဲဒီမိဘက အဖမ်းခံရ တယ်။ သူတို့ဆီမှာဥပဒေရှိတယ်၊ ကလေးတွေ ပြောမရ လို့ရှိရင် ရိုက်မယ်လို့တော့ မအောက်မေ့လေနဲ့၊ နိုင်ငံ ခြားမှာ ရိုက်ပြီဆိုလို့ရှိရင် မိဘက ကိုယ့်သားသမီး တောင် ကိုယ်မပိုင်တော့တဲ့ အနေအထားမျိုး ရောက် သွားတယ်။ ရိုက်တာက အားပေးစရာတော့ မဟုတ်ဘူး

http://www.dhammadownload.com



ပေါ့၊ ခုနကပြောတဲ့အတိုင်း ဆုံးမဖို့ပဲ တာဝန်ရှိတယ်။ အဲဒီလို ခေတ်ရဲ့ အခြေအနေတွေဟာ ပြောင်းလဲနေတယ်။ တိုးတက်တယ်လို့ ပြောချင်ပြော၊ ဆုတ်ယုတ်တယ်လို့ ပြောချင်ပြော။ တကယ်တော့ မြတ်စွာဘုရားရဲ့ အဆုံးအမတွေ လျော့ပါးသွားခြင်းပဲ။ အဆုံးအမတွေ လျော့ပါးသွားရင် ဆုတ်ယုတ်တယ်လို့ပဲ ပြောရမှာပဲ။ သူတော်ကောင်းတွေရဲ့ အတွေးအခေါ်၊ သူတော်ကောင်းတွေရဲ့ အဆုံးအမ လျော့ပါးသွားပြီ ဆိုလို့ရှိရင် ဆုတ်ယုတ်တယ်လို့ ပြောရမှာပဲ။

လောကကြီးမှာ တိုးတက်တယ်ဆိုတာမှာ အရင်တုန်းက လှည်းစီးရတယ်၊ အခု ကားစီးရတယ်။ ဒါ တိုးတက်တယ်လို့ပြောရမှာပဲ။ သို့သော် ရှေးတုန်းက လူငယ်လူရွယ်တွေဟာ ဆရာမိဘကို ရိုသေလေးစားကြတယ်၊ ကနေ့ ရိုသေလေးစားမှု မရှိကြဘူး၊ ဒီအပိုင်းက ဆုတ်ယုတ်တယ်လို့ ပြောရမှာပဲ။ အဲဒီတော့ ဆုတ်ယုတ်မှု၊ တိုးတက်မှုဆိုတာ သူ့အပိုင်းနဲ့သူ ရှိတယ်။

http://www.dhammadownload.com



တိုးတက်တယ်လို့လည်း မပြောနဲ့၊ ဆုတ်ယုတ်တယ်လို့လည်း မပြောနဲ့၊ တိုးတက်တယ်ဆိုရင် ဘယ်အပိုင်းက တိုးတက်တယ်၊ ဆုတ်ယုတ်တယ်ဆိုရင် ဘယ်အပိုင်းက ဆုတ်ယုတ်တယ် ဒီလိုပြောရမယ်။ သူ့ဟာနဲ့သူ ခွဲခွဲခြားခြား မြင်ဖို့လိုတယ်၊ ကောင်းတဲ့ အနေအထားတွေ ဆုတ်ယုတ်လာသလား၊ ကောင်းတဲ့ အနေအထားတွေ တိုးတက်လာသလား ဒီနှစ်ခုပဲ ကြည့်ရမယ်။ အဲဒီတော့ လောကကြီးကို ခြုံငုံပြီးတော့ ပြောမယ်ဆိုရင်တော့ ရုပ်ဝတ္ထုဘက်က တိုးတက်လာတာမှန်တယ်၊ စိတ်ဓာတ်ဆိုင်ရာ လူတွေရဲ့ အသိပညာဆိုင်ရာ စိတ်ဓာတ်ရေးရာတွေကတော့ ဆုတ်ယုတ်လာတယ်လို့ပဲ ဒီလိုပြောရမှာပဲ။

ဒါကြောင့်မို့ "မိဘနဲ့သားသမီးရဲ့ အကြားမှာ မှန်ကန်သောအမြင်" ဟာ အမြဲရှိနေဖို့လိုတယ်။ မိဘဆိုတဲ့ စိတ်ရှိပြီးတော့ မိဘကလည်းပဲ ပုတ္တဒါရဿသင်္ဂဟော ဆိုတဲ့အတိုင်း ငါမွေးထားတဲ့ သားသမီးတွေ

http://www.dhammadownload.com



ကြီးပွားတိုးတက်ဖို့အတွက် ငါ့တာဝန်ရှိတယ်၊ ဆုံးမ ဩဝါဒပေးရမယ်၊ သားသမီးကလည်းပဲ ငါတို့ကို မွေးပြီး ကျွေးမွေးထားတဲ့ မိဘတွေ၊ ငါတို့ရဲ့ ကျေးဇူးရှင်တွေဖြစ်တယ်၊ ငါတို့ဟာ ရိုသေလေးစားရမယ်၊ ပြုစုစောင့်ရှောက်ရမယ်၊ မြတ်စွာဘုရားက ဘယ်လောက်ထိအောင် ဟောထားတုန်းဆိုရင်

**"တာယနံ ပါရိစရိယာယ၊ မာတာပိတူသု ပဏ္ဍိတာ။**
**ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ။"**တဲ့။

"အသိပညာရှိတဲ့ သားသမီးတွေဟာ မိဘကိုပြုစုလုပ်ကျွေးကြတယ်၊ အဲဒီလို ပြုစုလုပ်ကျွေးသည့်အတွက်ကြောင့် ဒီဘဝမှာ ချီးမွမ်းခံရပြီး နောင်ဘဝကျတော့လည်း နတ်ပြည်ရောက်တယ်" လို့ ဒီလိုဟောထားတာ။ ဒီဘဝမှာ ချီးမွမ်းခံရခြင်း၊ နောင်ဘဝနတ်ပြည်ရောက်ခြင်းဆိုတာ မိဘကိုပြုစုခြင်းရဲ့ အကျိုးကျေးဇူးအနေနဲ့ မြတ်စွာဘုရား ဖော်ပြထားတာ။

http://www.dhammadownload.com



အဲဒီတော့ "စော်ကားမယ်ဆိုရင် ဒီဘဝမှာ ကဲ့ရဲ့ခံရပြီး နောင်ဘဝမှာ ငရဲကျမယ်" ဆိုတဲ့ အပြစ်ရမှာပဲ။ ဒေသနာတော်ဆိုတာ အပြန်အလှန် နှစ်ခုယှဉ်ရတယ်။ အကောင်းလုပ်ရင် အကောင်းဖြစ်တယ်၊ အဆိုးလုပ်ရင် အဆိုးဖြစ်တယ်၊ ဒီလိုရှိတာကိုး။ ဒါကြောင့်မို့ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေရဲ့ အသိုင်းအဝိုင်းမှာ ဗုဒ္ဓရဲ့ အဆုံးအမတွေ ဘယ်လောက်ထိ တည်ရှိသလဲ၊ ဘယ်လောက်ထိ လိုက်နာနေကြသလဲ ဆိုတဲ့အပေါ်မှာ မူတည်ပြီးတော့ ဘုန်းကြီးတို့တတွေဟာ ဆုတ်ယုတ်တယ်၊ တိုးတက်တယ်ဆိုတာကို မှတ်သား နားလည်ကြရမှာ ဖြစ်တယ်။ ကိုယ်နဲ့ပတ်သက်ပြီးတော့ မဆုတ်ယုတ်ဖို့ ကြိုးစားအားထုတ်ကြရမယ်၊ ကိုယ့် အသိုင်းအဝိုင်းထဲမှာ မဆုတ်ယုတ်အောင် ကြိုးစားအားထုတ်ရမယ်။

အဲဒီလို မိဘနဲ့သားသမီးအကြားမှာ မြတ်စွာဘုရားဟောကြားတဲ့ မှန်ကန်တဲ့အမြင်တွေဟာ ဒီကနေ့ ကမ္ဘာ

http://www.dhammadownload.com



လောကကြီးမှာ ပျက်စီးဆုံးရှုံးလာပြီ။ နောက်တစ်ခု ပြောရမယ်၊ မိဘစကားဆိုတာ သားသမီးကနားထောင်ရတယ်၊ ဒါက ယေဘုယျအားဖြင့်ပြောတဲ့စကား၊ ခုနက စကားကိုပြန်ကောက်ကြည့်၊ မိဘက အကျင့်သီလမရှိဘူး၊ ပညာမရှိဘူး၊ သားသမီးက အကျင့်သီလရှိတယ်၊ ပညာရှိတယ်။ မိဘက ကိုယ့်ကိုဆုံးမလို့ရှိရင် အရက်ပုလင်းယူခဲ့စမ်း၊ သွားဝယ်စမ်းဆိုရင် ဘယ်လိုလုပ်မလဲ၊ အဲဒီလို မိဘမျိုးရော မရှိနိုင်ဘူးလား။ အဲဒီလိုရှိလာရင်ရော ဘယ်လိုလုပ်ရမလဲ။ လောကကြီးမှာ အခု မေးခွန်းတွေ တက်တက်လာတယ်လေ။

အဲဒီတော့ မြတ်စွာဘုရားက မိဘကို သားသမီးက ဘာလုပ်ပေးရမလဲလို့ ဆိုတဲ့အခါမှာ ဓမ္မနဲ့ကျေးဇူးဆပ်ရင် ကျေတယ်တဲ့။ "သဒ္ဓါမရှိတဲ့မိဘ သဒ္ဓါရှိလာအောင် သားသမီးက မိဘကို သဒ္ဓါတရားဖြစ်လာအောင် သွေးဆောင်ပေးရမယ်။ ကိုယ်ကျင့်သီလ မရှိတဲ့မိဘကို ကိုယ်ကျင့်သီလရှိလာအောင်၊ အသိပညာမရှိတဲ့ မိဘကို

http://www.dhammadownload.com



အသိပညာရှိလာအောင် သားသမီးက လုပ်ဆောင်ပြီးတော့ ပေးနိုင်မယ်”ဆိုရင် ဒီသားသမီးဟာ မိဘကျေးဇူးကို ကျေလည်အောင်ဆပ်ရာ ရောက်တယ်။ ဓမ္မနဲ့ ကျေလည်အောင် ဆပ်ရာရောက်တယ်လို့ ဒီလိုသုတ္တန်တစ်ခုမှာ အဲဒီလိုဟောထားတာ။ ဟောထားသည့်အတွက်ကြောင့် မိဘရဲ့ ဒုစရိုက်လုပ်ငန်းကိုတော့ သားသမီးက အားမပေးထိုက်ဘူးပေါ့။ ကိုယ်ကိုယ်တိုင်က ပညာရှိလာပြီဆိုရင် ကိုယ့်မိဘကို ကောင်းတဲ့ဘက်ကိုသာ ရောက်အောင် ပို့ဆောင်ပြီးတော့ ပေးသင့်တယ်။

သီဟိုဠ်ကျွန်းမှာ သောဏဆိုတဲ့ မထေရ်ကြီးရှိတယ်၊ သူက ငယ်စဉ်ကတည်းက ရဟန်းဝတ်သွားပြီးတော့ ရဟန္တာဖြစ်နေတယ်။ သို့သော် သူ့အဖေကတော့ မုဆိုးကြီး၊ ဟောလို့ပြောလို့မရဘူး။ အသက်အရွယ်ကြီးလာပြီး သားကောင်တွေကို မဖမ်းနိုင်တော့တဲ့ အခါကျတော့မှ ချော့မော့ပြီး ကျောင်းခေါ်ပြီး။ ဦးဇင်းကြီးဝတ်ပေးထားတယ်။

http://www.dhammadownload.com



အဲဒီလိုပဲ လုပ်ရမှာပဲ။ အဖေက အရက်ဝယ်ခိုင်းရင်တော့ ဝယ်မပေးနဲ့ပေါ့။ ချော့မော့ပြီးတော့ အဲဒီမှာ ဖျော်ရည်လေး ဘာလေး ဝယ်ပေးပေါ့။ ဒီလိုပဲ လုပ်ရမှာပဲ။

အဲဒီလို သက်န်းဝတ်ပေးထားပြီး သေခါနီးကျတော့ ဘာဖြစ်တုန်းဆိုတော့ သူလုပ်ခဲ့တဲ့ အာရုံနိမိတ်တွေက အိပ်မက်လို ပေါ်လာတယ်။ သူက မုဆိုးလုပ်တယ်ဆိုတော့ ခွေးတွေမွေး၊ မားတွေလှံတွေ လေးတွေ မြားတွေနဲ့ တောလည်ထွက်တာကိုး။

အဲဒီတော့ သေခါနီး မိန်းမောလာတဲ့ အချိန်မှာ သူ့ကို ခွေးတွေက ဝိုင်းအုံပြီးတော့ ကိုက်တော့မယ် အနေအထားမျိုးကို အိပ်မက်ထဲမှာလို မြင်ရတဲ့အခါကျတော့ "လုပ်ကြပါဦး၊ လုပ်ကြပါဦး၊ ခွေးတွေလာကုန်ပြီ၊ ခွေးတွေကိုက်တော့မယ်"လို့ ရောင်အော်တယ်။ အဲဒီတော့ သူ့သားရဟန္တာက သဘောပေါက်တယ်၊ ဒါဟာ ငရဲနိမိတ်တွေထင်တာပဲ၊ ငရဲကျတော့မှာပဲ

http://www.dhammadownload.com



ဆိုပြီးတော့ စေတီရင်ပြင်ကို ပွေ့ချီသွားပြီး "ဦးဇင်းကြီး၊ ဦးဇင်းကြီး သတိထား၊ ဟောဒီမှာ စေတီရင်ပြင်ရောက် နေပြီ၊ ဘုရားပန်းကိုလှူလိုက်၊ ဒါလေးကိုလှူလိုက်၊ ဘုရားကို အာရုံပြုလိုက်၊ ခွေးတွေ မလာတော့ဘူး၊ မကိုက်တော့ဘူးနဲ့" ပြောလိုက်တဲ့အခါမှာ သူ့အားရပြီး တော့ ဘုရားကို မျက်လုံးဖွင့်ကြည့်ပြီးတော့ စိတ်ထဲမှာ အကြောက်ကလေး ပြေသွားပြီး ဘုရားကို အာရုံပြု လိုက်တဲ့ အခါကျတော့မှ "နတ်သမီးတွေ လာနေပြီ၊ နတ်သမီးတွေ လာနေပြီ"ဆိုပြီး အာရုံက ပြောင်းသွား သတဲ့။ အဲဒီအချိန်ချေးမှာ သေသွားတော့ နတ်ပြည် ရောက်သွားတယ်၊ သားက ကယ်တင်လိုက်တာ။

အဲဒီလို ကယ်တင်လို့ ရသလားလို့ ဆိုတော့ ရတယ်၊ သေခါနီးမှာ ဖြစ်လိုက်တဲ့ ကုသိုလ်ဟာ အကုသိုလ်ကို တစ်ခဏတာမျှ ဖယ်ရှားပြီး ကယ်တင် လို့ရတယ်၊ သေခါနီးမှာဖြစ်တဲ့ အကုသိုလ်ကလည်းပဲ ကုသိုလ်တွေ လုပ်ထားတာကို အခွင့်အရေးမရအောင်

http://www.dhammadownload.com



သူက လက်ဦးမှု ယူသွားတာမျိုးလည်း ရှိတတ်တယ်။ ဒါကြောင့်မို့ သေခါနီးမှာ အလွန်အရေး ကြီးတယ်။

သေခါနီး အချိန်ရောက်နေပြီဆိုလို့ရှိရင် ဗမာတွေမှာ တော်တော်များများက လူမမာနားလာပြီး တောင်ပြောမြောက်ပြော "ဒီတောင်က ကျော်နိုင်မယ် မထင်ပါဘူး"၊ ဟိုကတော့ မေ့နေတာမှမဟုတ်တာ၊ ကြားနေတာ။ အဲဒီလိုတွေပြော၊ "ဘဏ်စာအုပ်တွေ မေးထားလိုက်ရဲ့လား၊" "လက်မှတ်ထိုး လိုက်ရဲ့လားလို့ မေးတဲ့လူကမေး၊" "စိန်နားကပ် ဘယ်နားထားတုန်း"တို့။

အဲဒါမျိုးတွေက မလုပ်ထိုက်ဘူး၊ မလုပ်ရဘူး။ အဲဒီလို လုပ်ရင်တော့သွားပြီ၊ ဟိုလူက ဒုက္ခရောက်ပြီ၊ အဲဒီလို ဖြစ်တတ်တယ်။

ဘုန်းကြီးတွေ ကျတော့လည်း "ကိုယ်တော်၊ ကျောင်း ဘယ်သူ့အပ်ခဲ့မှာတုန်း"တို့ ဘာတို့ လုပ်ကုန်တယ်။ အဲဒီမှာ ဒုက္ခရောက်ပြီ။

http://www.dhammadownload.com



အဲဒီအချိန်မှာ စိတ်ကလေး ဖြောင့်နေအောင် ငြိမ်ငြိမ်လေးထားပြီး တရားလေး ဖွင့်ပေးတာတို့၊ ကုသိုလ်ကောင်းမှုလေး လုပ်ပေးပြီးတော့ ငြိမ်းငြိမ်း အေးအေးချမ်းချမ်းနဲ့ နေအောင် တိတ်တိတ်ဆိတ်ဆိတ် ကလေး နေရတယ်။ စကားမပြောရဘူး၊ အမှန်က အဲဒီအချိန်မှာ ဆူညံဆူညံနဲ့ ဟိုလူလာ ဒီလူလာ လက်မခံတာကောင်းတယ်။ လာတဲ့လူက ဟိုပြောဒီပြော သိပ်ပြောတာ။ တိုးတိုးလည်း မပြောတတ်ဘူး မြန်မာတွေရဲ့ ထုံးစံ အသံက ကျယ်ကျယ်ပြောတတ်တယ်။ အဲဒါတွေက ဒုက္ခရောက် စေတတ်တဲ့အရာတွေ ဖြစ်တယ်။ ဒါကြောင့်မို့ အရာရာမှာ သတိထားရမယ့် ကိစ္စတွေ၊ ဆင်ခြင်ရမယ့်ကိစ္စတွေ လောကကြီးမှာရှိတယ်။

မိဘနဲ့သားသမီး ဆက်လက်ပြီးတော့ စဉ်းစားစရာ၊ သားသမီးက ကိုယ်ကျင့်တရားကောင်းပြီးတော့ မိဘက မကောင်းဘူးဆိုရင် သားသမီးက မိဘအရာလို နေပြီးတော့ ကိုယ့်မိဘကောင်းလာအောင် သွေးဆောင်

http://www.dhammadownload.com



ဖြားယောင်းပြီးတော့ တိုက်တွန်းနှိုးဆော်ပေးလို့ ရှိရင်လည်း မိဘဟာ ကောင်းတဲ့အနေအထားမျိုး ရောက်လာနိုင်တယ်။ အဲဒီလိုလုပ်ရမှာပဲ။

နောက်တစ်ခုက ဆိုပါစို့- ကြုံကြုံဖန်ဖန် မေးတတ်ကြတယ်၊ မိဘစကားကို နေရာတကာတိုင်း နားထောင်ရမှာလားလို့ မေးတဲ့အခါမှာ ကျိုးကြောင်းဆီလျော်တဲ့ မိဘစကားကိုတော့ နားထောင်ရမယ်၊ ကုသိုလ်ကောင်းမှုနဲ့ ပတ်သက်လာတဲ့ဟာမျိုး၊ ကိုယ်က ဥပမာမယ် ဘုန်းကြီးဝတ်ချင်တယ်၊ မိဘက မဝတ်စေချင်ဘူး၊ သို့သော် မြတ်စွာဘုရားက အဲဒီနေရာမှာ မိဘရဲ့ သဘောတူညီချက်ကို ယူရမယ်လို့ ဟောထားတာ ရှိတယ်။ ဒါကဘာကြောင့် ယူခိုင်းတာတုန်းဆိုတော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက လျှောက်သွားတာ၊ အရှင်ဘုရား၊ တပည့်တော်ကို ဒါလေးတော့ ကတိပေးပါ ဆိုပြီးတော့ လျှောက်သွားတယ်။ "မိဘတွေရဲ့စိတ်နှလုံးဆိုတာဟာ ကိုယ့်သားသမီးအပေါ် မှာ အင်မတန်

http://www.dhammadownload.com



မှ ချစ်တယ်၊ ဒါကြောင့်မို့ မိဘခွင့်မပြုရင် သက်န်းဝတ် မပေးပါနဲ့” ဆိုတာကြောင့် မြတ်စွာဘုရားက ဒါကို ကတိပေးလိုက်တာ။

သို့သော် ရှင်သာရိပုတ္တရာရဲ့ ညီအငယ်လေး ရေဝတ ဆိုတာကျတော့ ရှင်သာရိပုတ္တရာက ရဟန်းတော်တွေကို မှာထားတယ်၊ “ကိုယ်တော်တို့၊ တပည့်တော်ညီငယ်လေး ရောက်လာလို့ရှိရင် ဝတ်သာပေးလိုက်ပါ။ တပည့်တော် အမေအဖေတွေက ဗုဒ္ဓဘာသာတွေ မဟုတ်ဘူးတဲ့၊ ဘာသာခြားတွေ ဖြစ်နေတယ်၊ သူတို့ဆီ ခွင့်တောင်းစရာမလိုဘူး၊ သူပဲမိဘပါပဲ” လို့ ပြောထားတာရှိတယ်။

အဲဒီတော့ ကောင်းတာလုပ်ပြီ ဆိုတဲ့အခါကျတော့ တစ်ခါတစ်ခါ မိဘသဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ လုပ်ရတာရှိတယ်။ ကောင်းတဲ့ အလုပ်လုပ်တာကိုး။ ကဲ- မြတ်စွာဘုရားအလောင်း သိဒ္ဓတ္ထမင်းသားတောထွက်တယ်၊ မိဘတွေက မထွက်စေချင်ဘူး၊

http://www.dhammadownload.com



စာပေထဲမှာ ဘယ်လိုရေးထားတုန်းဆို "အကာမကာနံ မာတာ ပိတူနံ ရုဒန္တာနံ" တဲ့။ အမေအဖေ တွေက မသွားစေချင်လို့ ငိုယိုနေတုန်း တောထွက်သွားတာ။ ကနေ့ခေတ်မှာဆိုရင် မိဘစကား နားမထောင်ဘူးလို့ ပြောရမှာပေ့ါ။

အဲဒီတော့ ဒီကိစ္စမှာ မိဘစကား နားထောင်နေလို့ ရှိရင် ဘုရားဖြစ်ပ့ါမလား၊ ကောင်းတဲ့ဘက် လုပ်ရမယ် ဆိုတဲ့နေရာကျတော့ မိဘစကားဟာ အဓိကမဟုတ်ပြန် တော့ဘူးပေ့ါ၊ ဒီလိုဆိုလိုတာ။ နားထောင်ရမယ်ဆိုတာ ဆုံးမဩဝါဒအနေနဲ့ ကျတော့ နားထောင်ရမယ်၊ သို့သော် မိဘစကားက ကိုယ်ရည်မှန်းတဲ့ ကုသိုလ်ရဲ့ အောက်တန်းကျနေလို့ ရှိရင်တော့ နားထောင်စရာ မလိုဘူးလို့ ပြောရမှာပဲ။

သာဓက ရှိလား၊ ရှိတယ်လေ။ ဘုရားအလောင်း တွေဟာ မိဘစကား နားမထောင်ဘဲ တောထွက်သွား တာ အများကြီးပဲ။ တောထွက်ပြီးတော့ တရားမမြ

http://www.dhammadownload.com



ကျင့်ကြံကြိုးကုတ် အားထုတ်တာပဲ။ အဲဒီတော့ မိဘရဲ့ ဆုံးမဩဝါဒက နိမ့်ကျနေပြီးတော့ ကိုယ်လုပ်တဲ့ အလုပ်က ပိုပြီးတော့ မြင့်မြတ်နေလို့ ရှိရင်တော့ မိဘ စကား နားထောင်စရာ မလိုဘူးပေါ့၊ ဒီလိုဆိုမှာပေါ့။

နိုင်ငံခြားသားတွေက ကြံကြံဖန်ဖန် မေးတတ်တယ်၊ ဒါမျိုးတွေ ကြံကြံဖန်ဖန်မေးတာက ကြံကြံဖန်ဖန် တွေးလို့ကိုး၊ မတွေးရင်တော့ ဘာမှမေးစရာအကြောင်း ရှိမှာမဟုတ်ဘူး။ အဲဒီတော့ အမှတ်တမဲ့ မနေရဘူး၊ တွေးရတယ်။

ကဲ- နောက်တစ်ခု သူတို့ မေးတတ်တာလေး ရှိသေးတယ်။ မြတ်စွာဘုရား တောထွက်တဲ့အခါမှာ ယသော်ဓရာကို ကလေးတစ်ယောက်နဲ့ ပစ်ထားခဲ့တာ မဟုတ်လား၊ စဉ်းစားကြည့်စမ်း၊ ယသောဓရာရဲ့ အမေအဖေနေရာက စဉ်းစားကြည့်ရင် "ငါ့သမီးယူပြီး တော့ မလုပ်ကျွေးဘဲ ကလေးတစ်ယောက်နဲ့ ပစ်ထား ခဲ့တယ်"လို့ မပြောပေဘူးလား၊ ပြောမှာပဲ။

http://www.dhammadownload.com



သူ့အဖေကြီးကလည်း ဒီအတိုင်းပဲ၊ သုဒ္ဓေါဒနတဲ့၊ ယသောဓရာရဲ့ အဖေ၊ ဒေဝဒတ်ရဲ့အဖေ။ အဲဒါနဲ့ သူက မကျေနပ်တာ၊ ဘုရားရဲ့ ဦးလေးတော်တယ် သုဒ္ဓေါဒန ဆိုတာ။ မယ်တော် မာယာရဲ့မောင်၊ သူက လုံးဝမကျေ နပ်ဘူး၊ သူ့သမီးကို ကလေးတစ်ယောက်နဲ့ ပစ်ထား ခဲ့တယ်ဆိုပြီးတော့ မကျေနပ်ဘူး၊ ဘုရားအလောင်းက တောထွက်သွားတာ၊ ဒါပေမယ့် သူ့အနေနဲ့ ကြည့်မယ် ဆိုရင် ကျေနပ်စရာရှိရဲ့လား၊ မရှိဘူး။ အဲဒါ မကျေနပ် လို့ တစ်ခါတုန်းက မြတ်စွာဘုရား ဒေဝဒဟမြို့ထဲ ဝင်လာတဲ့အခါမှာ သူက လမ်းပိတ်ပြီးတော့ အရက် သောက်နေတယ်၊ မြတ်စွာဘုရား ဆွမ်းခံတဲ့လမ်းကို ပိတ်ပြီး အရက်သောက်နေတယ်၊ ရှောင်မပေးဘူး၊ မြတ်စွာဘုရားက ဒီလမ်းက ဆွမ်းခံသွားမယ်ဆိုတာကို ပြောတယ်၊ အဲဒီတော့ ဘာပြောတုန်း "သိဒ္ဓတ္ထ ငါ့ထက် ငယ်တယ်၊ ငါဂရုစိုက်စရာမလိုဘူး၊" မကျေနပ်ချက် တွေနဲ့။ လမ်းပိတ်ပြီးတော့ အရက်သောက်နေတယ်၊

http://www.dhammadownload.com



မြတ်စွာဘုရားက ဘာပြောတုန်း ဆိုတော့ "ဒီ ဘဒ္ဒေးတော် မင်းကြီးကတော့ (၇) ရက် လောက်နေရင် မြေမြိုတော့မှာပဲ၊" သူ့အကုသိုလ်တွေက အတော်များ နေပြီ၊" မြတ်စွာဘုရားအပေါ်မှာ စော်ကားတဲ့စိတ်တွေ က အလွန်များပြီး အထွတ်အထိပ် ရောက်သွားပြီ ဆိုတယ်။

နောက်ဆုံးကျတော့ အဲဒီစကားကိုကြားတော့ သူ ကြောက်တယ်၊ ကြောက်လို့ (၇)ထပ်ရှိတဲ့ တိုက်ပေါ်မှာ တက်နေတယ်။ တက်နေပြီး သူအောက်မဆင်းမိအောင် လို့ ဆိုပြီးတော့ အထပ်တိုင်း အထပ်တိုင်းမှာ လက်ဖွေ့ သမားတစ်ယောက်စီ ချထားတယ်၊ အကယ်၍များ သူ မေ့ပြီး ဆင်းလာရင် အပေါ်ပြန်တွန်းတင်ရမယ်လို့ ပြော ထားတာ။ လူ(၇)ယောက်၊ နောက်ဆုံး (၇)ရက်ပြည့်တဲ့ နေ့ကျတော့ သူစီးတဲ့မြင်းက ထိန်းမရအောင် ဟီနေ တယ်ပေါ့လေ။ ခုန်ပေါက်ပြီး ဟီနေတယ်။ အဲဒီမှာ သူမေ့သွားတာ၊ မြင်းကိုထိန်းဖို့ဆိုပြီးတော့ သူဆင်းတာ၊

http://www.dhammadownload.com



ဆင်းတော့ ဟိုကောင်တွေကလည်း တွန်းတင်ရမယ့် အစား အောက်ကိုပဲတွန်းချတယ်။ အဲဒါနဲ့ အောက် ရောက်သွားပြီး မြေကြီးပေါ်လည်း ရောက်ရော မြေမြို သွားတယ်ဆိုတဲ့ ဇာတ်လမ်းရှိတယ်လေ။ အဲဒါဒေဝဒတ် တို့ ယသောဓရာတို့ရဲ့ အဖေပဲ။ မကျေမနပ်စိတ်တွေ ဖြစ်တတ်တယ် ဆိုတာ ဒါ လူ့သဘာဝပဲ၊ ပြောလို့ မရဘူး။

အဲဒီနေရာမှာ မြတ်စွာဘုရားဟာ ယသောဓရာနဲ့ သားတော်အပေါ်မှာ တာဝန်ဝတ္တရားမကျေဘဲနဲ့ ရက် စက်တာလားဆိုတော့ ဒါက သူ့ရဲ့ အလွန်မြင့်မြတ်တဲ့ ဆန္ဒအရ သူလုပ်တာ။ သူတို့ကို ပျက်စီးစေလိုတဲ့စိတ် ဓာတ်မပါဘူး။ ကလေးတစ်ယောက်နဲ့ ပစ်ထားခဲ့မယ် ဆိုတဲ့စိတ်ထားမျိုး မဟုတ်ဘူး၊ တရားကျင့်မှ သတ္တဝါ တွေ အားလုံးကို ကယ်တင်နိုင်မယ်။ သတ္တဝါအားလုံး ကို ကယ်တင်နိုင်တဲ့ တရားမေ့ကို ငါသိအောင်လုပ်မယ်၊ သိအောင် တရားကျင့်ရမယ်ဆိုတဲ့စိတ်နဲ့ သွားတာ။

http://www.dhammadownload.com



"ဒင်းတို့ သားအမိနှစ်ယောက် ဒုက္ခရောက်စေ" ဆိုတဲ့ စိတ်မရှိဘူး။ လူဆိုတာ တမင်လုပ်တာနဲ့ မလုပ်တာ ဆိုတာ ရှိတယ်လေ၊ တမင်လုပ်တာမဟုတ်ဘဲနဲ့၊ တမင် မလုပ်ဘဲနဲ့ ထိခိုက်နေတာတွေ လောကမှာ အများကြီး ရှိတယ်။

လမ်းပေါ်မှာ ကားမောင်းသွားတယ်၊ ကိုယ်မမြင် တဲ့ အကောင်လေးတွေ တက်ကြိတ်မသွားဘူးလား၊ ကြိတ်တယ်။ တမင်လုပ်တာ ဟုတ်ရဲ့လား၊ မဟုတ်ဘူး။ လမ်းလျှောက်သွားလို့ ရှိရင်လည်း ပုရွက်ဆိတ်တို့ အကောင်တွေ တက်နင်းသွားတာပဲ၊ သေတာပဲ။ အဲဒီ တော့ ဒါတွေက တမင်လုပ်တာ မဟုတ်သည့်အတွက် အကုသိုလ်ဖြစ်တယ်လို့ ပြောလို့မရဘူး၊ မြတ်စွာဘုရား ရဲ့ ရည်ရွယ်ချက်က "သားအမိနှစ်ယောက် ဒုက္ခရောက် စေလိုတဲ့စိတ် မရှိဘူး၊ သူတို့ နှစ်ယောက်အပါအဝင် သတ္တဝါတွေ ချမ်းသာမယ့် နည်းလမ်းကို ငါရှာရမယ်၊ ဘုရားဖြစ်လာတဲ့အခါ ထူးခြားတဲ့ အသိဉာဏ်ရပြီး ကယ်တင်မယ်။ ဒါကတစ်ခု။

http://www.dhammadownload.com



နောက်ထပ် သားသမီးနဲ့ မိဘဆိုတာ ဝေဿန္တရာ ဇာတ်ထဲမှာ ဖတ်ဖူးကြတယ် မဟုတ်လား။ သားလေးနဲ့ သမီးလေးကို ဇူဇကာပုဏ္ဏားက လာအလှူခံတဲ့ အခါကျတော့ လှူလိုက်တယ် မဟုတ်လား။ ခုခေတ်အနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင် ရက်စက်တယ်လို့ ပြောကြမှာပဲ။ ကိုယ့်သားသမီးကို ကိုယ်ဘုရားဖြစ်ချင်တာနဲ့ လှူတယ်လို့ နိုင်ငံခြားကလူတွေက အဲဒီလိုတွေးတယ်။ အဲဒီတော့ ဘယ်လို ရှင်းရတုန်းဆိုရင် အဲဒီခေတ်မှာ ခုခေတ်ပြောနေတဲ့ human right ပေါ့၊ ဝေဿန္တရာမင်းမှာ fathers right ပေါ့။ အဖေ့ရဲ့ အခွင့်အရေးဟာ မိသားစုအပေါ်မှာ ရှိတယ်။ အဖေက ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ ဖခင်ဆုံးဖြတ်တဲ့အတိုင်း အဲဒီခေတ်မှာ သားသမီးက လိုက်နာကြရတယ်၊ သူ့ right ရှိတယ်ပေါ့။ သူ့အနေနဲ့ကလည်း သားသမီးတွေကို မုန်းလို့လုပ်တာ မဟုတ်ဘူး၊ သားသမီးတွေထက် မြတ်နိုးတာရှိတယ်၊ မြတ်စွာဘုရားအလောင်းတော် ကိုယ်တိုင်က ပြောတယ်၊ "ငါ့သား

http://www.dhammadownload.com



သမီးတွေကို မမုန်းဘူး၊ ဒါပေမယ့် သားသမီးတွေထက် ပိုချစ်တဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရဖို့အတွက် ဒီအလုပ်လုပ်မှ ဖြစ်မယ်ဆိုရင် လုပ်ရမယ်" ဆိုတဲ့ အဓိပ္ပာယ်မျိုးပြောတယ်။ ဆန္ဒကိုက အင်မတန်မှ ကြီးမားနေတယ်။ ကြီးမားနေသည့် အတွက်ကြောင့် သားသမီးတွေကို လှူလိုက်တာဟာ မင်းတို့ဒုက္ခရောက် ပေတော့ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ လှူလိုက်တာ မဟုတ် ဘူး၊ သူ့အနေနဲ့ ဘာမဆိုလှူနိုင်တယ်။ မပေးနိုင်ဘူး ဆိုတဲ့ မစ္ဆရိယစိတ်က ဘယ်နေရာမှာမှ မရှိတော့တာ။ သားသမီးမပြောနဲ့ သူ့ရဲ့ရင်ထဲက နှလုံးသားကို ထုတ်ပြီးပေးဆိုလည်း လှူမှာပဲ။ မျက်လုံးတောင်းရင် မျက်လုံး ထုတ်လှူမှာပဲ၊ သွေးတောင်းရင် သွေးကို ထုတ်လှူမှာပဲ။ အဲဒီလိုစိတ်ဓာတ်မျိုး ရှိနေတာဆိုတော့ အပြင်ဘက်က ပစ္စည်းမျိုးကို မပြောနဲ့၊ သူ့အတွင်းက ပစ္စည်းတောင် လှူမှာလို့ ဆိုသည့်အတွက်ကြောင့် ဒါက ဖခင်တစ်ယောက်ရဲ့ right အနေနဲ့ လုပ်တာလို့။ ဟို

http://www.dhammadownload.com



သားသမီးကို ဒုက္ခရောက်အောင်လုပ်တာ မဟုတ်ဘူးလို့ ဒီလိုပြောရမှာပဲ၊ ကြံကြံဖန်ဖန် နိုင်ငံခြားသားတွေက လည်းမေးတယ်။

အိန္ဒိယမှာ သူ့ right ဆိုတာရှိတယ်။ အဲဒီခေတ်က အဲဒီအခွင့်အရေးအရ မြတ်စွာဘုရား အလောင်းတော် ဟာ ဒီလိုလုပ်ခဲ့ခြင်းသာဖြစ်တယ်။ နောက် မဒီဒေဝီကို လှူတယ် ဆိုတာလည်းပဲ ဒီအတိုင်းပဲ။ အိန္ဒိယနိုင်ငံမှာ အခွင့်အရေးဆိုတာတွေက အမျိုးမျိုးရှိတယ်၊ ကြားဖူး ကြပါလိမ့်မယ်၊ အိန္ဒိယနိုင်ငံမှာ အိမ်ရှင်ယောက်ျားက သေသွားလို့ရှိရင် အမျိုးသမီးက မုဆိုးမ အဖြစ်မခံနိုင် ဘူး၊ မုဆိုးမ အဖြစ်မခံနိုင်တော့ ဘာလုပ်တုန်းဆို အိမ်ရှင်ယောက်ျားကို မီးသင်္ဂြိုဟ်တဲ့အထဲမှာ သူ့ကိုပါ ထည့်သင်္ဂြိုဟ်လိုက်တာ။ အဲဒါကို "စတီ"လို့ခေါ် တယ်။ အင်္ဂလိပ်လက်ထက် အဲဒီ စတီဆိုတာ အစဉ်အလာကြီး ကို ဥပဒေနဲ့တားပြီးတော့ အကြီးအကျယ် လုပ်ရတယ်။ ဒါတောင် ပျောက်သွားတာ မဟုတ်ဘူး၊ ကနေ့ခေတ်

http://www.dhammadownload.com



တောင် ချောင်ကြိုချောင်ကြား တောရွာတွေမှာ ကျန်နေသေးတယ်။

အိန္ဒိယ မဟာရာဇာတစ်ယောက်မှာ မိဖုရားငါးရာ ရှိတယ်တဲ့။ အဲဒီ မဟာရာဇာ သေသွားလို့ရှိရင် နောက်ကနေပြီးတော့ သူ့ကို မီးသင်္ဂြိုဟ်တဲ့အထဲမှာ အတူတူ သင်္ဂြိုဟ်ခံမယ့်အမျိုးသမီးက ၂၅၀ ရှိသတဲ့။ သူတို့စိတ်နဲ့လိုက်ပြီး သေမယ့်ဟာတွေ အများကြီးပဲ ရှိတယ်။ ဒါ လူဆိုတာ ယုံကြည်မှုအပေါ်မှာ မူတည်ပြီးတော့ လုပ်ကြတာ။

ဒါကြောင့်မို့ "မိဘနဲ့သားသမီးကြားမှာ မှန်ကန်တဲ့အမြင်" ဆိုသည်မှာ မိဘဆိုတာရှိတယ်၊ မိဘရဲ့ ကျေးဇူးတရားဆိုတာရှိတယ်၊ မိဘကို ပြုစုလို့ရှိရင် ကုသိုလ်ရတယ်၊ မိဘကိုစော်ကားလို့ရှိရင် အကုသိုလ် ဖြစ်မယ်၊ မိဘကိုသတ်ဖြတ်မယ်ဆိုရင် မာတုဃာတကကံ၊ ပိတုဃာတကကံထိုက်တယ်။ မိဘကို ပြုစုလုပ်ကျွေးရင် ကြီးမားတဲ့ ကုသိုလ်တရားတွေ ဖြစ်တယ်။

http://www.dhammadownload.com



မိဘရဲ့ကျေးဇူးကို ခမ္မနဲ့ဆပ်လို့ရှိရင် ကျေအောင်ဆပ်နိုင်တယ်ဆိုတဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမတရားတွေကို မှတ်သားပြီးတော့ မိဘနဲ့ပတ်သက်လာလို့ရှိရင် လွဲမှားတဲ့ အတွေးတွေ မတွေးမိစေဖို့ မှန်ကန်တဲ့အတွေးတွေ တွေးပြီးတော့ ကုသိုလ်တရား ဖြစ်ပွားအောင် ကြိုးစားအားထုတ် နိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု

http://www.dhammadownload.com

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဓမ္မ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

http://www.dhammadownload.com

# အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူ့ဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

http://www.dhammadownload.com

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမဂ္ဂါ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

http://www.dhammadownload.com

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြွေးဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပဗ္ဗတောသုတ် အနှစ်ချုပ်
၅၉။ ဘောသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

http://www.dhammadownload.com

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒဏ္ဍိကာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

http://www.dhammadownload.com


၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ

၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း

၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ

၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား

၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ

၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ

၉၀။ ကမ္မဋ္ဌာန်းဆရာ

၉၁။ ဇာတိမြေမှ သာသနာ

၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ

၉၃။ စရိုက်နှင့်ဝါသနာ

၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်

၉၅။ သာသနာပြုစွမ်းအားစု

၉၆။ လူဆိုးလူမိုက်

၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ

၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း

၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ

၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ

၁၀၁။ အာနာပါနသတိသုတ်အနှစ်ချုပ်

၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ

၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ

၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား

၁၀၅။ ဓမ္မသံဝေဂနှင့် ဘဝဆည်းဆာ

http://www.dhammadownload.com

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ

http://www.dhammadownload.com

http://www.dhammadownload.com